ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၇၅) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၅)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၇၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၅)ရက်မြောက်နေ့မှာ လွှတ်တော်

အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၃.၂၆) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၇၅)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ**
**ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးဝင်းသိန်း၊ ဧရာဝတီ(၉)၊ ကျန်းမာရေး။ ဦးတင်မြင့်၊ ပဲခူး(၃)၊ ကျန်းမာရေး။ ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ကျန်းမာရေး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောအုန်း၊ မွန်(၉)၊ ကျန်းမာရေးတို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို**
**မှတ်တမ်းတင်ခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၅)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၀) ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၆)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ဦးကြည်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) နှင့် ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) တို့၏ အမျိုးသားလွှတ်တော် အစည်းအဝေး ရပ်နားပေးပါရန် အရေးကြီးအဆိုကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် က ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ထွန်း နှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါက်တာ ဝင်းမြင့်အောင် တို့တင်သွင်းထားသည့် အမျိုးသားလွှတ်တော် အစည်းအဝေး ရပ်နားပေးပါရန် အရေးကြီးအဆိုကိုဆွေးနွေးဖို့ အမည်စာရင်းတင်သွင်းထားတဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၀၈။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အလှူရှင်မှန်းသိအောင် မဏ္ဍပ်တိုင်တက်ပြတာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့မိသားစုဟာ ရေဘေးနဲ့ပတ်သက်လို့ စာနာထောက်ထားမှုနဲ့ ကူညီမှုတွေလုပ်ခဲ့တဲ့ အကြောင်းကလေးကို တင်ပြခွင့်ပြုပါ။

ကျွန်တော်တို့ မိသားစုဟာ ရေဘေးနဲ့ပတ်သက်လို့ အလှူငွေကတော့ သိန်းကျော်လောက်ပဲ လှူနိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်အမျိုးသမီးနဲ့ အဖွဲ့ဟာဆိုရင် ဧရာဝတီတိုင်းရေဘေးကို ကိုယ်တိုင်ကိုယ်ကျ သွားလှူဖို့အတွက် ညအိပ်ရေးပျက်ခံပြီးတော့ ကားငှားပြီးသွားခဲ့ပါတယ်။ ဒီမှာလည်း ဒီရေဘေးကြီးတဲ့ နေရာတွေမှာလည်း လှေစီးပြီးတော့ ကိုယ်တိုင်သွားခဲ့တာပါ။ ရန်ကုန်သူ ရန်ကုန်သား တွေအတွက်ကတော့ လှေစီးရတယ်ဆိုတာ အင်မတန်ကို စွန့်စားရတဲ့ အလုပ်မျိုးဖြစ်ပါတယ်ခင်ဗျား။

ဒါဟာကျွန်တော်တို့က ရေဘေးနဲ့ပတ်သက်လို့ ကျွန်တော်တို့ မိသားစုရဲ့ စာနာထောက်ထားမှုကို တင်ပြရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီ အမျိုးသားလွှတ်တော်အစည်းအဝေး ကျင်းပတာ (၄)နှစ်လောက်ရှိပါပြီ။ (၄)နှစ်လောက်ကျင်းပတဲ့ အစည်းအဝေးမှာ ဒီနေ့အပါအဝင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး တဖွဖွ ပြောနေတဲ့ စကားတစ်ခုရှိပါတယ်။ ဒါဟာ တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ သုံးပုံတစ်ပုံကျော်လို့ရှိရင် လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်း၊ အစည်းအဝေးကျင်းပမည်ဖြစ်ကြောင်း ဆိုတဲ့အကြောင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဟာရဲ့ အဓိပ္ပာယ်ဟာဆိုရင် ကျွန်တော်တို့ အမျိုးသားလွှတ်တော် အစည်းအဝေးကျင်းပဖို့ဟာ လွှတ်တော်ကိုယ်စားလှယ် သုံးပုံတစ်ပုံရှိရုံနဲ့တင် ကျင်းပလို့ရတယ်ဆိုတဲ့ အဓိပ္ပာယ်ဟာ လွှတ်တော်ကိုယ်စားလှယ် သုံးပုံနှစ်ပုံဟာ ရေဘေးအတွက် သွားရောက်ကူညီနိုင်တယ်ဆိုတဲ့ အဓိပ္ပာယ်ကို ဖော်ပြခြင်း ဖြစ်ပါတယ်။

ဒါကြောင့် ဒီရေဘေးအတွက် သုံးပုံနှစ်ပုံလောက် သွားရောက်ကူညီပေမယ့် လွှတ်တော်အစည်းအဝေးကျင်းပနေတယ်ဆိုတဲ့ သဘောဟာ အမျိုးသားလွှတ်တော်အစည်းအဝေးကြီးဟာ ရပ်နားထားဖို့ မလိုဘူးဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်ရဲ့ အလုပ်ဟာဆိုလို့ရှိရင် မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများဆွေးနွေးခြင်းနဲ့ ဥပဒေများဆွေးနွေးခြင်းဖြစ်ပါတယ်။ မေးခွန်းတွေ၊ အဆိုတွေကတော့ အမျိုးသားလွှတ်တော်အတွက်က ဆိုင်တယ်ဖြစ်ပေမယ့် ဥပဒေကတော့ ကျွန်တော်တို့က တစ်ခြမ်းပဲ ပြုရတာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က တစ်ခြမ်း၊ တစ်နည်းအားဖြင့် ပြည်ထောင်စု လွှတ်တော်ကြီးကနေပြီးတော့မှ အတည်ပြုရမယ့် ဥပဒေတွေလည်း ရှိပါတယ်ခင်ဗျား။ အခုလက်ရှိ ပြည်ထောင်စု လွှတ်တော်မှာဆိုလို့ရှိရင် ကျွန်တော်တကယ့် Hot Action ဖြစ်နေတဲ့ ရွေးကောက်ပွဲ လွှတ်တော်ကိုယ်စားလှယ်တွေ Right to Recall လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည် ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေတွေ ဒါတွေဟာလည်း အရေးတကြီး စဥ်းစားဆွေးနွေးဆုံးဖြတ်ဖို့ တာဝန်တွေ ရှိနေပါပြီ၊ နောက်တစ်ခါဆိုလို့ရှိရင် ကျွန်တော်တို့ ရန်ကုန်မြို့မှာဆိုလို့ရှိရင် ဆောက်လုပ်ရေးလုပ်ငန်းတွေက အကြပ်အတည်းတွေ့နေပါတယ်။ ဒီလုပ်ငန်းရှင်တွေက၊ ပြည်သူတွေကဘာကိုတောင်းဆိုနေသလဲဆိုရင် ကွန်ဒိုဥပဒေကို အရေးတကြီးတောင်းဆိုနေကြပါပြီ။ ဒီ ကွန်ဒိုဥပဒေဟာလည်း အလွန်ကို ကြန့်ကြာနေပါပြီ။ သူ့ရှေ့မှာအရေးကြီးတဲ့ဥပဒေတွေ ကြန့်ကြာမယ်ဆိုလို့ရှိရင် ကွန်ဒိုဥပဒေလည်း ထပ်မံကြန့်ကြာမှာ ဖြစ်ပါတယ်။

နောက်တစ်ခါ မြန်မာနိုင်ငံလို မြေဇရိယာကျယ်ပြန့်တဲ့ Idea တွေဟာ မော်တော်ကားတွေက ပြည်ပနိုင်ငံကပဲ အဟောင်းတွေ မျိုးစုံသွင်းနေတဲ့ နိုင်ငံထက်ကိုလည်း မော်တော်ယာဥ်ဥပဒေကလည်း အရေးတကြီး လိုအပ်နေပြီ ဖြစ်ပါတယ်။ အဲဒီတော့ ဒီ ဥပဒေတွေ အချိန်မီပြီးဆုံးဖို့အတွက်လည်း ကျွန်တော်တို့ လွှတ်တော်အစည်းအဝေးဟာ ဆိုလို့ရှိရင် ရက်တိုတိုနဲ့ မြန်မြန်ဆန်ဆန်လုပ်ဖို့ လိုအပ်နေပြီဖြစ်ကြောင်း ပြရမှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်ဟာဆိုလို့ရှိရင် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ် ဥပဒေပြုအမတ်တွေဟာ ဆိုလို့ရှိရင် ဥပဒေပြုရေးနဲ့ ပတ်သက်လို့ Professional သမားတွေသာ ဖြစ်ပါတယ်။ ဒီ Professional သမားတွေ ဆိုတာမျိုးက သာမန်လူလို မဟုတ်ပါဘူး။ Professional သမားတစ်ယောက်ကိုတော့ သာမန်မျက်စိနဲ့ မမြင်နိုင်ပါဘူး။ ဒါနဲ့

ပတ်သက်လို့ ဥပမာတစ်ခု တင်ပြရမယ်ဆိုလို့ရှိရင် တစ်ချိန်တုန်းက ရောမမြို့ကြီး မီးလောင်နေခဲ့ပါတယ်။ ဒီအချိန်မှာ နီရိုးဘုရင်ကြီးက စောင်းတီးမပျက်ဘူးဆိုတဲ့ ဆိုရိုးစကား ရှိခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သူဟာဘုရင်ကြီးဖြစ်ပေမယ့် Professional သမား စောင်းသမားဖြစ်ပါတယ်။ စောင်းသမားဟာ အချိန်ကြာလို့ရှိရင် သူ့စောင်းကိုကိုင်ရမှာ ဖြစ်ပါတယ်။ တီးခတ်ရမှာသာ ဖြစ်ပါတယ်။ ဒီ စောင်းတီးဖို့အတွက်ဟာ ဆိုလို့ရှိရင် ပညာလိုပါတယ်။ သမာဓိလိုပါတယ်။ ဒီပညာဂုဏ် သမာဓိဂုဏ်တွေနဲ့သာ စောင်းကြိုးကို တီးခတ်နိုင်မှာ ဖြစ်ပါတယ်။ ဒီလိုပဲ ကျွန်တော်တို့ဥပဒေပြု အမတ်တွေကလည်း Professional သမားဖြစ်တဲ့အတွက် ဒီ ကျွန်တော်တို့က Professional ဆန်ဆန် ဘယ်လိုပဲ ပြင်ပလောကမှာ ဘာဖြစ်ဖြစ် ကိုယ့်ရဲ့ Professional အလုပ်ဖြစ်တဲ့ ဥပဒေပြုရေးအလုပ်ကိုပဲ သိက္ခာ၊ သမာဓိ၊ အာရုံစူးစိုက်မှု ပညာတွေနဲ့ ကျွန်တော်တို့က ပြုစုရမှာ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့က ရေဘေးနဲ့ ပတ်သက်လို့ ထိုက်သင့်သမျှအချိန်တွေပေးခဲ့ပါပြီ၊ ဒါတွေအတွက်လည်း ကျွန်တော်တို့လွှတ်တော်က ရက်ရွှေ့ဆိုင်းခဲ့တာလည်း ဖြစ်ပါတယ်။ (၁၈) ရက်နေ့ ပြန်ခေါ်တယ်ဆိုတာလည်း ဥက္ကဋ္ဌကြီးကနေပြီးတော့ ဒီလိုရက်ရွှေ့ပြီးတော့မှ ပြန်ခေါ်တဲ့အတွက် ကျွန်တော်တို့ရောက်ရှိခဲ့ရခြင်းဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရေဘေးဆိုတာ သဘာဝဘေးပါ။ သဘာဝဘေးဆိုတာမျိုးဟာ သူ့ရဲ့အင်အားအကြီးဆုံးဘေးပါ။ ဒီသဘာဝဘေးဆိုတာ ကျွန်တော်တို့ ကန့်လန့်တိုက်လို့ မရပါဘူး။ အလျှားလိုက်အချိန်ပေးရမယ့် သဘောရှိပါတယ်။ သူ့ သဘောနဲ့ သူဖြစ်ပျက်နေတာပါ။ ဒါနဲ့ပတ်သက်လို့လည်း သဘာဝဟာ သဘာဝဖြစ်သလို ကျွန်တော်တို့ လူသားတွေကလည်း ကိုယ့်အလုပ်ကိုယ်ပဲ လုပ်ရမှာပဲ ဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်လို့ ဥပမာတစ်ခု ထပ်မံတင်ပြရမယ်ဆိုလို့ရှိရင် ဒီ ဖိုးသူတော်တစ်ပါးဟာ ပြောင်းဖူးခင်းထဲက ပြောင်းဖူးတစ်ဖူးကို ချိုးပါတယ်။ ချိုးတဲ့အခါမှာ ပြောင်းစေ့တွေက အစေ့အဆန်မစုံတဲ့အတွက် ဒီ ဖိုးသူတော်ဟာ ပြောင်းဖူးကို အပြစ်တင်ပါတယ်။ အဲဒါနဲ့ ပြောင်းဖူးက ကျွန်တော်ကို အပြစ်မတင်ပါနဲ့ ဒီ ပြောင်းဖူးပင်ကိုသာ အပြစ်တင်ပါဆိုတဲ့အခါမှာ ပြောင်းဖူးပင်ကလည်း ကျွန်တော်ကို အပြစ်မတင်ပါနဲ့ မြေဆီဩဇာကို အပြစ်တင်ပါ၊ မြေဆီဩဇာကလည်း ဒီ မိုးကို အပြစ်တင်ပါ။ မိုးကလည်း လေကို အပြစ်တင်ပါ။ လေကလည်း နေကို အပြစ်တင်ပါလို့ ဖိုးသူတော်ကို ပြောကြပါ တယ်။ ဒီအခါမှာ ဖိုးသူတော်က နေမင်းကို အပြစ်တင်ပြောပါတယ်။ ဒီအခါမှာ နေမင်းက ဘာပြောသလဲ ဆိုလို့ရှိရင် ဖိုးသူတော် ခင်ဗျားက သဘာဝကိစ္စတွေကို အမျိုးမျိုးအပြစ်တင်နေတယ်။ ခင်ဗျားက ကိုယ့်အလုပ်ကိုယ်လုပ်ရဲ့လား။ ခင်ဗျား ဘုန်းကြီးကျောင်းမှာရော ခင်ဗျားကိုယ့်အလုပ်တွေကိုယ်လုပ်ရဲ့လားလို့ ပြောတဲ့အခါမှာ ဖိုးသူတော်ဟာ ဒါကို နားလည်သဘောပေါက်ပြီး ပြောင်းဖူးကိုပစ်ချပြီး သူကျောင်းကို သူပြေးသွားတာ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ မနေ့က ပြည်ထောင်စုလွှတ်တော် အစည်းအဝေးမှာ ပြည်ထောင်စုလွှတ်တော်နာယကကြီးက ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာ ဆွေးနွေးနေတဲ့ ဥပဒေတွေ၊ ပြည်သူ့လွှတ်တော်မှာ လက်ရှိဆွေးနွေးနေတဲ့ ဥပဒေ၊ ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးနေတဲ့ ဥပဒေပေါင်း (၆၀)ကျော်လောက် ရှိတယ်လို့ ပြောပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ ကျောင်းတော်ကြီးကအလုပ်တွေ ဖြစ်ပါတယ်။ ဒီအလုပ်တွေဟာ ကျွန်တော်တို့မှတစ်ပါး လုပ်လို့မရပါဘူး။ ကျွန်တော်တို့

ရွေးကောက်ပွဲ ကိုယ်စားလှယ်ဝင်တွေဟာ ဆိုလို့ရှိရင် ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့ ကိစ္စတွေကို ကျွန်တော်တို့ ကိုယ်စားထားပြီး လုပ်လို့ရပါတယ်။ ကိုယ်စားလှယ်တွေ လုပ်ပါလိမ့်မယ်ခင်ဗျား။

ကျွန်တော်တို့ ဒီ လွှတ်တော်တက်ရမယ့်အလုပ်က ကိုယ်စားတက်လို့မရပါဘူး။ ကျွန်တော်တို့ ကိုယ်တိုင်တက်ပြီး လုပ်ရမယ့်အလုပ် ဖြစ်ပါတယ်။ နောက်ပြီးလို့ရှိရင်လည်း ရေဘေးအတွက်က မဖြစ်မနေ စာနာထောက်ထားရမယ်လို့ရှိရင် ကျွန်တော်တို့လွှတ်တော်ကြီးမှာ သုံးပုံနှစ်ပုံထိအောင် ထွက်ခွာသွားရောက်ကူညီခွင့် ရှိပြီးတော့ ကျန်တဲ့ သုံးပုံတစ်ပုံဟာ သူတို့ကိုယ်စား ကျွန်တော်တို့က ဆက်လက်လုပ်ခွင့် ကျွန်တော်တို့က ပေးရမှာ၊ ပေးသင့်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ပြီးတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ အခု ရွေးကောက်ပွဲနဲ့ ပတ်သက်လို့ ကျွန်တော်တို့က ဖြတ်သန်းပြီးတော့မှ ဒီ လွှတ်တော်ထဲကို ရောက်လာတာ ဖြစ်ပါတယ်။ ဒီ ရွေးကောက်ပွဲနဲ့ ပတ်သက်လို့ ကျွန်တော်တို့က အတွေ့အကြုံများစွာ ရရှိခဲ့ပြီး ဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်လို့လည်း စိုးရိမ်ကြောင့်ကြစရာ မလိုပါဘူး။ ကျွန်တော်တို့ ဖြတ်သန်းခဲ့တဲ့ ၂၀၁၀ ရွေးကောက်ပွဲကာလဟာ ရက် (၃၀)ပဲ ရပါတယ်။ အခုမှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဟာ ရက်(၆၀)တောင် ပေးထားတာ ဖြစ်ပါတယ်။ ရက်(၆၀)ဟာ ကျွန်တော်ဖြတ်သန်းခဲ့တဲ့ အချိန်ထက် နှစ်ဆကျော် ပေးခဲ့တာ ဖြစ်ပါတယ်။ ရေဘေးက လွဲလို့ရှိရင် အခုချက်ခြင်း လွှတ်တော်ကြီးရပ်လိုက်လို့လည်း ရေဘေးကဝုန်းကနဲ့ ကျသွားမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ ရေဘေးက ရေရှည်ကုစားရမယ့် ကိစ္စပါ။ ကျွန်တော်တို့ ရေတွေကျသွားလို့ရှိရင် နုန်းတွေက ကျန်ခဲ့မယ်ဖြစ်ပါတယ်။ ဒီ မဲဆွယ်မယ့် လွှတ်တော် ကိုယ်စားလှယ်လောင်းတွေက ဒီ ရွေးကောက်ပွဲရက်(၆၀)ကာလမှာ ပြည်သူတွေရှေ့မှာ နုန်းဆယ်ပြခြင်းအားဖြင့် မဲဆွယ်တဲ့ အခွင့်အရေးကိုတော့ ရရှိမှာ ဖြစ်ပါတယ်။ ဒီအတွက်ကလည်း ပူပင်စရာမရှိပါဘူး ခင်ဗျား။

ဒါကြောင့် ကျွန်တော်တို့က ကျွန်တော်တို့ မူလကျောင်းတော်ကြီးအလုပ်ကိုသာ ကျွန်တော်တို့ ပြန်လည်လုပ်ရမှာ ဖြစ်ပါတယ်။ ဒီ သုံးပုံနှစ်ပုံကို ထွက်ခွင့်ပြုပြီးတော့ သုံးပုံတစ်ပုံနဲ့ လွှတ်တော် အစည်းအဝေးကျင်းပခွင့် ရှိရဲ့သားနဲ့ ဒီ လွှတ်တော်အစည်းအဝေးကို လုံးဝရပ်နားမယ်ဆိုတာလည်း ကျွန်တော်တို့ ကျိုးကြောင်းခိုင်လုံမှု မရှိပါဘူး။ နောက် အဓိက အချက်ကလည်း မနေ့ကတင်ပြတဲ့ အဆိုရှင်တွေဟာ အမျိုးသားလွှတ်တော်ကိုသာ ဦးတည်ပြီးတော့ ရပ်နားဖို့ တင်ပြတာ ဖြစ်ပါတယ်။ ပြည်ထောင်စု လွှတ်တော်နဲ့ ပတ်သက်လို့ ဘာမှတင်ပြဆွေးနွေးခြင်း မရှိပါဘူး။ အဲဒီတော့ အမျိုးသားလွှတ်တော်က ရပ်ပြီးတော့ ပြည်ထောင်စုလွှတ်တော်မှာ ခွင့်တိုင်မှာလား။ ပြည်ထောင်စုလွှတ်တော် မတက်တော့ဘူးလား ဆိုတဲ့ အချက်ကလည်း ကျွန်တော်တို့ တိကျမှုမရှိပါဘူး။ တကယ်ဖြစ်သင့်တာက အမျိုးသားလွှတ်တော်ရဲ့ကဏ္ဍက ဥပဒေပြုရေးက တစ်ခြမ်းပဲရှိတယ်။ အဓိကဥပဒေပြုရေးကဏ္ဍက ပြည်ထောင်စုလွှတ်တော်သာ ဖြစ်တဲ့အတွက် ပြည်ထောင်စုလွှတ်တော်မှာ ဒါကိုတင်ပြပြီးတော့ ပြည်ထောင်စုလွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ခံရမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်က ဒီကိစ္စကို ရပ်နားဖို့ သဘောတူဆုံးဖြတ်ပြီဆိုတော့မှ ကျန်ရှိတဲ့ အမျိုးသားလွှတ်တော်က မေးခွန်းနဲ့ အဆိုပဲကျန်တယ်ဆိုရင်တော့ ဒီကိစ္စဟာ ရပ်နားသင့်/ မသင့်ကိုပဲ ဒုတိယပိုင်းအနေနဲ့ အဆိုကို တင်ပြဆွေးနွေးရမှာ ဖြစ်ပါတယ်။

အခုဟာဆိုလို့ရှိရင် ကျွန်တော်တို့ မူလလုပ်ရမယ့် အလုပ်ကို မလုပ်ဘဲနဲ့ ဒုတိယပိုင်းလုပ်ရမယ့် အလုပ်ကို လုပ်နေတယ်။ မူလပင်မအလုပ် ပြည်ထောင်စုလွှတ်တော်ကြီးက ဆက်လက်တည်ရှိနေ

မှာ ဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော်အစည်းအဝေးရပ်နားလို့ ခွင့်တိုင်စရာ မလိုပေမယ့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးက ခွင့်တိုင်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တက်နိုင်တဲ့သူက တက်ရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဒီ အဆိုဟာ ဆိုလို့ရှိရင် ရှေ့နောက် အကြောင်းအကျိုး ဆီလျော်မှုမရှိတဲ့အတွက် ဒီအဆိုကို လွှတ်တော်က လက်ခံကျင်းပရန် မသင့်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ထွန်း နှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာဝင်းမြင့်အောင် တင်သွင်းတဲ့ အမျိုးသားလွှတ်တော် အစည်းအဝေး ရပ်နားပေးပါရန် အရေးကြီး အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာတွင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။ အဆိုအပေါ် ထောက်ခံ (၁၂၈)၊ ကန့်ကွက်(၃၄)၊ ကြားနေ(၁၄) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် အရေးကြီး အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သွေးနှင့်သွေးပစ္စည်းများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သွေးနှင့်သွေးပစ္စည်းများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် သွေးနှင့်သွေးပစ္စည်းများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့အတိုင်း တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီက တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဒေါက်တာမြတ်ဉာဏစိုး၊ (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကော်မရှင်

အဖွဲ့ဝင် ပညာရှင်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ကန့်လန့် ဖြတ်ဇယားအတိုင်း တစ်ပိုဒ်ချင်းစီအလိုက် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာ မြတ်ဉာဏစိုး ကနေပြီးတော့ တင်သွင်းသွားမှာ ဖြစ်ပါတယ်။

သွေးနှင့်သွေးပစ္စည်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၃

သွေးနှင့်သွေးပစ္စည်းများဆိုင်ရာ ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(ပ) တွင် ပါရှိသော ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့်မြို့နယ်ဆိုသည့် စကားရပ်ကို တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ် ဆိုသည့်စကားရပ်ဖြင့် အစား ထိုးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး၊ (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အသစ်ဖြည့်စွက်ချက်-
အပိုဒ် ၆

သွေးနှင့် သွေးပစ္စည်းများဆိုင်ရာ ဥပဒေပုဒ်မ ၂၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၂၉။ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ကြက်ခြေနီအသင်းတို့သည် သွေးဘဏ် သို့မဟုတ် သွေးဘဏ်ငယ် တည်ထောင်ဖွင့်လှစ်လိုလျှင် လိုင်စင်လျှောက်ထားရန်မလိုဘဲ ကော်မတီ၏ ခွင့်ပြုချက်ဖြင့် တည်ထောင်ဖွင့်လှစ်နိုင်သည်ဟု ဖြည့်စွက်ထားပါတယ်။

ဒီ အသစ်ဖြည့်စွက်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၆ ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး၊ (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်း ခေါင်းစဉ်နဲ့ အပိုဒ် ၁၊ အပိုဒ် ၂၊ အပိုဒ် ၄၊ အပိုဒ် ၅ တို့ကို မူလအဆိုပြုချက်အတိုင်း အတည်ပြုရန် ဥပဒေကြမ်း ကော်မတီက အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မူလအဆိုပြုချက်အတိုင်း အတည် ဖြစ်သည်။

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၆ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၆ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက သွေးနှင့် သွေးပစ္စည်းများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေ ခွဲ(ခ)အရ သွေးနှင့်သွေးပစ္စည်းများ ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ကျန်းမာရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဒေါက်တာသန်းအောင်(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကျွန်တော် ဦးသန်းအောင်မှ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသို့ ပြင်ဆင်ချက်ဖြင့်တင်သွင်းထားသော သွေးနှင့်သွေးပစ္စည်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆို တင်သွင်းသွားမည်ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနက ကျင့်သုံးဆောင်ရွက်လျက်ရှိတဲ့ တည်ဆဲ ဥပဒေများနဲ့ ၂၉-၁-၂၀၀၃ ခုနှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၁/၂၀၀၃ ဖြင့် ပြဋ္ဌာန်းခဲ့သည့် သွေးနှင့်သွေးပစ္စည်းဆိုင်ရာဥပဒေအား ခေတ်နှင့်လျော်ညီမှုရှိစေ

ရန် သွေးနှင့်သွေးပစ္စည်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအား အတည်ပြုပေးနိုင်ပါရန် ၂၅-၆-၂၀၁၅ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးအရအဖွဲ့ အစည်းအဝေးအမှတ်စဉ် ၁၃/၂၀၁၅ သို့ တင်ပြခဲ့ရာ သဘောတူခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။ သွေးနှင့်သွေးပစ္စည်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအား အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းနိုင်ရေး လိုအပ်သည်များ ဆက်လက်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၅-၆-၂၀၁၅ ရက်စွဲပါစာဖြင့် ပြည်ထောင်စုလွှတ်တော်ရုံးသို့ ပေးပို့ခဲ့ပါတယ်။

အဆိုပါ ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ ၂၀-၇-၂၀၁၅ ရက်နေ့တွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီတွင် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ သွေးဌာန ဒေါက်တာသီတာအောင် နှင့် ညွှန်ကြားရေးမှူး၊ ပုဂ္ဂလိကကျန်းမာရေး ဒေါက်တာမိုးခိုင်တို့မှ ရှင်းလင်းဆွေးနွေး တင်ပြခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ သွေးနှင့်သွေးပစ္စည်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်းခြင်းများနှင့် ပတ်သက်၍ အများပြည်သူပိုမိုရှင်းလင်းသိရှိနိုင်စေရန် သွေးကုသခြင်းလုပ်ငန်းသည် စနစ်တကျ ဆောင်ရွက်ခြင်း မရှိပါက အန္တရာယ်အလွန်များသော လုပ်ငန်းဖြစ်၍ သေချာစွာ ထိန်းသိမ်း ကွပ်ကဲနိုင်စေရန်နှင့် အထောက်အကူဖြစ်စေရန်အတွက် ဥပဒေအား ပြင်ဆင်ရေးဆွဲတင်ပြရခြင်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဥပဒေမူကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆို တင်သွင်းအပ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၄)။** ။ ကျန်းမာရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က သွေးနှင့် သွေးပစ္စည်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော်ဒေါက်တာ ဝင်းမြင့်အောင် ကထောက်ခံပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သွေးနှင့် သွေးပစ္စည်းများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ ယခုအဆိုမှာ သွေးနှင့် သွေးပစ္စည်းများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် သွေးနှင့်သွေးပစ္စည်းများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့် အတိုင်း အတည် ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်း ဆိုင်ရာ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီ အလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့အတိုင်း တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီက တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၁)၊ အပိုဒ် ၂(ခ)(ဂ)(၁)(၂)(၃)(ဇ)(ည)

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ် သက်ရောက် စေရမည်-

(ခ) သေဆုံးသူ ဆိုသည်မှာ အကြောင်းတစ်ခုခုကြောင့် လူ၏ဦးနှောက် လုပ်ငန်းများ အားလုံး လုံးဝရပ်စဲသွား၍သော်လည်းကောင်း၊ သွေးလည်ပတ်မှု လုပ်ငန်းများ အားလုံး လုံးဝ ရပ်စဲသွား၍ သော်လည်းကောင်း သက်ဆိုင်ရာ ဆရာဝန်များက သေဆုံးကြောင်း အတည်ပြုခြင်းခံရသူကိုဆိုသည်။

(ဂ) ကိုယ်အင်္ဂါ အစိတ်အပိုင်းလှူဒါန်းသူ ဆိုရာတွင် ကိုယ်အင်္ဂါ အစိတ်အပိုင်းများကို ဆန္ဒအလျောက် အခမဲ့ခွင့်ပြု လှူဒါန်းသည့် အောက်ပါပုဂ္ဂိုလ်တို့ ပါဝင်သည်-

(၁) မိမိ၏ ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုခုကို အခြားသူ တစ်ဦးတစ်ယောက်၏ ခန္ဓာကိုယ်တွင် အစားထိုး အသုံးပြုနိုင်ရေးအတွက် ထုတ်ယူရန် ခွင့်ပြုသော အသက်(၁၈)နှစ်ပြည့်ပြီး စိတ်ကျန်းမာရေးကောင်းမွန်သည့် သက်ရှိထင်ရှား ရှိသူ၊

(၂) မိမိသေဆုံးပြီးနောက် မိမိ၏ ကိုယ်အင်္ဂါ အစိတ်အပိုင်း တစ်ခုခုကို ထုတ်ယူ၍ လိုအပ်သလို အသုံးပြုနိုင်ရေးအတွက် သက်ရှိထင်ရှား ရှိစဉ်ကတည်းက ကြိုတင်ဆန္ဒပြုထားသူ၊

(၃) ပုဒ်မခွဲငယ်(၂)အရ ကြိုတင်ဆန္ဒပြုထားခြင်း မရှိသည့် သေဆုံးသူ၏ ကိုယ်အင်္ဂါ အစိတ်အပိုင်း တစ်ခုခုကို ထုတ်ယူ၍ လိုအပ်သလို အသုံးပြုရန် ခွင့်ပြုသည့် ကျန်ရစ်သူ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘ၊ ညီအစ်ကို မောင်နှမများ၊ ယင်းတို့ တစ်ဦးတစ်ယောက်မျှမရှိ၍ ယင်းတို့၏ကိုယ်စားခွင့်ပြုသော ဆွေမျိုးသားချင်း တစ်ဦးဦး၊

(ဇ) အစားထိုးကုသခြင်းဆိုသည်မှာ အကြောင်းတစ်ရပ်ရပ်ကြောင့်ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုခု ပျက်စီးဆုံးရှုံးရသူ၏ ပျက်စီးဆုံးရှုံးသွားသော ကိုယ်အင်္ဂါ အစိတ်အပိုင်းကို လှူဒါန်းသူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းဖြင့် အစားထိုးရန် ခွဲစိတ်ခြင်းဖြင့်သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့်သော်လည်းကောင်း ကုသခြင်းကို ဆိုသည်။

(ည) ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခွင့်ရှိသူဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူထံမှ ကိုယ်အင်္ဂါအစိတ်အပိုင်းကို ထုတ်ယူရန် ကျန်းမာရေးဝန်ကြီးဌာန၏ အခွင့်အာဏာ အပ်နှင်းခြင်းခံရသူကို ဆိုသည်။

တင်ပြပါ အပိုဒ်၊ အပိုဒ်ခွဲများကို လွှတ်တော်က အတည်ပြု ဆောင်ရွက်ပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(ခ) (ဂ)(၁)(၂)(၃)(ဇ)(ည) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(ခ) (ဂ)(၁)(၂)(၃)(ဇ)(ည) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်- အပိုဒ် ၃ ခြေဆင်းစာသား

အခန်း(၂)၊ အပိုဒ် ၃(ဃ)

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(ဃ) ပြည်သူလူထုအတွင်း ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူများ တိုးပွားလာစေရေးအတွက် ဆောင်ရွက်ရန်

တင်ပြပါ အပိုဒ်၊ အပိုဒ်ခွဲများကို အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၂)၊ အပိုဒ် ၃(ဃ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၂)၊ အပိုဒ် ၃(ဃ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၃)၊ အပိုဒ် ၄(က)(၁)(၂)(၃)(၄)၊ အပိုဒ် ၅(ဂ)(ဃ)(ဆ)(ဈ)

၄။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ကြီးကြပ်မှုကော်မတီကို အောက်ပါ အတိုင်း ဖွဲ့စည်းရမည် -

(၁) ကျန်းမာရေးဝန်ကြီးဌာန၊ - ဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး

(၂) သက်ဆိုင်ရာအစိုးရဌာန၊ - အဖွဲ့ဝင်
အဖွဲ့အစည်းများ၏ အကြီးအမှူးနှင့် ကိုယ်စားလှယ်(၅) ဦး

(၃) သင့်လျော်သော ကျွမ်းကျင်သူ - အဖွဲ့ဝင်
ပညာရှင်(၁၇) ဦး

(၄) ဥက္ကဋ္ဌက တာဝန်ပေးအပ်သူ - အတွင်းရေးမှူး

၅။ ခြေဆင်းစာသား-

ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(ဂ) ကိုယ်အင်္ဂါအစိတ်အပိုင်း၏ အရည်အသွေးစစ်ဆေးခြင်း၊ ကိုယ်အင်္ဂါ အစိတ်အပိုင်း ထုတ်ယူခြင်း၊ သိုလှောင်ခြင်းနှင့် ထုတ်ပေးခြင်းပြုရာတွင် လိုက်နာဆောင်ရွက်ရေး အတွက် ကြီးကြပ် ကွပ်ကဲခြင်း၊

(ဃ) အစားထိုးကုသမှုဆိုင်ရာ နည်းပညာတိုးတက် မြင့်မားရေးအတွက် သုတေသန လုပ်ငန်းများ မြှင့်တင်နိုင်ရန်နှင့် ခေတ်မီနည်းပညာများ သင်ကြားလေ့ကျင့်နိုင်ရန် စီမံချက်များရေးဆွဲခြင်းနှင့် ယင်းစီမံချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက် ရန် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဆ) ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ပြည်ပသို့တင်ပို့ခြင်းနှင့် ပြည်တွင်းသို့ တင်သွင်း ခြင်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများ သတ်မှတ်ခြင်း၊

(ဈ) လက်ခံရေးဌာနထားရှိရန် လိုအပ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ် ခွင့်ရဒေသများကို စိစစ်ရွေးချယ်၍ လက်ခံရေးဌာနထားရှိရေးအတွက် သက်ဆိုင်ရာ ဌာန အား ညွှန်ကြားခြင်း၊

တင်ပြပါ အပိုဒ်၊ အပိုဒ်ခွဲများကို လွှတ်တော်က အတည်ပြု ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြ အပ်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၃)၊ အပိုဒ် ၄(က) (၁)(၂)(၃)(၄)၊ အပိုဒ် ၅(ဂ)(ဃ)(ဆ)(ဈ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃)၊ အပိုဒ် ၄ (က)(၁)(၂)(၃)(၄)၊ အပိုဒ် ၅(ဂ)(ဃ) (ဆ)(ဈ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက်-

အခန်း(၄)၊ အပိုဒ် ၇၊ အပိုဒ် ၈၊ အပိုဒ် ၉

၇။ သေဆုံးသူသည် ပုဒ်မ ၂၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၂)အရ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူ ဖြစ်ကြောင်း သိရှိလျှင် သက်ဆိုင်ရာဆေးရုံ သို့မဟုတ် ဆေးခန်းမှ တာဝန်ရှိသူကသော်လည်းကောင်း၊

သေဆုံးသူ၏ဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘ သို့မဟုတ် ညီအစ်ကို မောင်နှမကသော်လည်းကောင်း၊ ဆွေမျိုးသားချင်းတစ်ဦးဦးကသော်လည်းကောင်း အနီးဆုံး လက်ခံရေးဌာနသို့ အမြန်ဆုံး အကြောင်းကြားရမည်။

၈။ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူသည် ထုတ်ပေးသော အသိအမှတ်ပြုလွှာကို ပြန်လည်အပ်နှံပြီး ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်း မှတ်ပုံတင်စာရင်းမှပယ်ဖျက်ပေးရန် သက်ဆိုင်ရာ လက်ခံရေးဌာနသို့ အကြောင်းကြားခွင့် ရှိသည်။ ထိုသို့ အကြောင်းကြားလာလျှင် ယင်း၏ အမည်ကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပေးရမည်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အသစ်ဖြည့်စွက်ချက် -

၉။ လက်ခံရေးဌာနသည် ကိုယ်အင်္ဂါအစိတ်အပိုင်းလက်ခံခြင်း နှင့် ပတ်သက်၍ သက်ဆိုင်ရာ နည်းဥပဒေနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။

တင်ပြပါ ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်များကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄)၊ အပိုဒ် ၇၊ အပိုဒ် ၈၊ အပိုဒ် ၉ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အပိုဒ် ၇၊ အပိုဒ် ၈၊ အပိုဒ် ၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၅)၊ အပိုဒ် ၁၀(က)(ခ)(ဂ)၊ အပိုဒ် ၁၁(ခ)(ဂ)

၁၀။ ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခွင့်ရှိသူသည်-

(က) ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူက လှူဒါန်းသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို ထုတ်ယူခွင့်ရှိသည်။

(ခ) လိုအပ်ပါက မှုခင်းဆရာဝန်က မှုခင်းဖြစ်ရပ် တစ်ခုခုကြောင့် ရင်ခွဲစစ်ဆေးလျက်ရှိသော သေဆုံးသူထံမှ သတ်မှတ်အရည်အသွေးနှင့် ပြည့်စုံသော ကိုယ်အင်္ဂါ အစိတ်

အပိုင်းကို ထုတ်ယူရန် ကျန်ရစ်သူဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘ၊ ညီအစ်ကို မောင်နှမ သို့မဟုတ် ဆွေမျိုးသားချင်း တစ်ဦးဦးထံမှ ဦးစားပေး အစီအစဉ်အတိုင်း တောင်းဆိုခွင့်ရှိသည်။

(ဂ) ပုဒ်မခွဲ(က)အရထုတ်ယူသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို သက်ဆိုင်ရာ လက်ခံရေးဌာနသို့ စနစ်တကျ လွှဲပြောင်းပေးရမည်။

၁၁။ မှုခင်းဆရာဝန်သည် ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ခ)အရ ကိုယ်အင်္ဂါ အစိတ်အပိုင်း ထုတ်ယူခွင့်ရှိသူက တောင်းဆိုသော ကိုယ်အင်္ဂါ အစိတ်အပိုင်းကို အောက်ပါ အကြောင်းတစ်ရပ်ရပ်ရှိနေပါက ပေးအပ်ရန် ငြင်းဆိုနိုင်သည်-

(ခ) မှုခင်းဆိုင်ရာကိစ္စဖြစ်၍ ရင်ခွဲစစ်ဆေးမှု ဆောင်ရွက်နေဆဲ ဖြစ်ခြင်း၊

(ဂ) ကျန်ရစ်သူဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘ၊ ညီအစ်ကို မောင်နှမ သို့မဟုတ် ဆွေမျိုးသားချင်းတစ်ဦးဦးက ကန့်ကွက်ခြင်း။

တင်ပြပါ အပိုဒ်၊ အပိုဒ်ခွဲများကို လွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၅)၊ အပိုဒ် ၁၀(က)(ခ)(ဂ)၊ အပိုဒ် ၁၁(ခ)(ဂ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၅)၊ အပိုဒ် ၁၀ (က)(ခ)(ဂ)၊ အပိုဒ် ၁၁(ခ)(ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၆)၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅

၁၂။ ကော်မတီသည် ကိုယ်အင်္ဂါအစိတ်အပိုင်း အရည်အသွေး စစ်ဆေးရေးအဖွဲ့ကို သင့်လျော်သည့် ကျွမ်းကျင်သော ပညာရှင်များဖြင့် ဖွဲ့စည်းပြီး တာဝန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးရမည်။

၁၃။ ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခွင့်ရှိသူကပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂)အရ ကိုယ်အင်္ဂါ အစိတ်အပိုင်း လှူဒါန်းသူထံမှ ထုတ်ယူရရှိသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို အစားထိုးကုသခြင်း ပြုလုပ်ရာတွင် အရည်အသွေးစစ်ဆေးရေးအဖွဲ့က သတ်မှတ်ချက်နှင့် ညီညွတ်မှု ရှိမရှိ စစ်ဆေးပြီး အရည်အသွေးပြည့်မီသော ကိုယ်အင်္ဂါအစိတ်အပိုင်းများကို သိုလှောင်ခြင်းပြုရန် သက်ဆိုင်ရာ လက်ခံရေးဌာနသို့ ပေးပို့ရမည်။

၁၄။ လက်ခံရေးဌာနသည် သိုလှောင်ရန် ရောက်ရှိလာသည့် ကိုယ်အင်္ဂါ အစိတ်အပိုင်းများကို သတ်မှတ်ချက်များနှင့်အညီ သိုလှောင်ရမည်။

၁၅။ အစားထိုးကုသရန် လိုအပ်၍ ကိုယ်အင်္ဂါ အစိတ်အပိုင်းများကို သက်ဆိုင်ရာ တာဝန်ရှိသူက သတ်မှတ်သည့်နည်းလမ်းနှင့်အညီ တောင်းခံလာသည့်အခါ လက်ခံရေးဌာနက လိုအပ်သည့် ကိုယ်အင်္ဂါ အစိတ်အပိုင်းများကို စိစစ်၍ ထုတ်ပေးရမည် ဟု ပြင်ဆင်ထားပါတယ်။

တင်ပြပါ အပိုဒ်များကို လွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်များကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၇)၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂

၁၇။ မည်သူမျှ ကိုယ်အင်္ဂါအစိတ်အပိုင်းကို ကော်မတီက သတ်မှတ်သော စည်းကမ်းချက်များနှင့်အညီ မှတစ်ပါး အခြားမည်သည့် အကြောင်းဖြင့်မျှ ထုတ်ယူခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် ဝယ်ယူခြင်းမပြုရ။

**ဥက္ကဋ္ဌ**။ ။ ခဏလေး။အကြောင်းဖြင့်မျှ မဟုတ်ဘူး။ အကြောင်းကြောင့်မျှ အသုံးအနှုန်းက ဦးဝင်းမောင် ရှိပါသလား။ အကြောင်းကြောင့်မျှ မဟုတ်ဘူးလား။ မည်သည့်အကြောင်းကြောင့်မျှပါ။

**ဒေါက်တာမြတ်ဉာဏစိုး၊ (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အကြောင်းအကြောင့်မျှ။ ပြန်လည်တင်ပြပါမယ်ခင်ဗျာ။

၁၇။ မည်သူမျှ ကိုယ်အင်္ဂါအစိတ်အပိုင်းကို ကော်မတီက သတ်မှတ်သော စည်းကမ်းချက်များနှင့်အညီ မှတစ်ပါး အခြားမည်သည့် အကြောင်းကြောင့်မျှ ထုတ်ယူခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် ဝယ်ယူခြင်း မပြုရ။

၁၈။ မည်သူမျှ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းပြုရန် မရိုးမဖြောင့်သော သဘောဖြင့် သွေးဆောင်ခြင်း၊ ဖြားယောင်းခြင်း၊ တိုက်တွန်းခြင်း သို့မဟုတ် လှုံ့ဆော်ခြင်းပြု၍ ကိုယ်အင်္ဂါ အစိတ်အပိုင်းကို လှူဒါန်းစေခြင်းမပြုရ။

၁၉။ မည်သူမျှ ကိုယ်အင်္ဂါအစိတ်အပိုင်းကို လှူဒါန်းခြင်း ပြုရန်ဆန္ဒ မရှိသူထံမှ ကိုယ်အင်္ဂါ အစိတ်အပိုင်းတစ်ခုခုကို ထုတ်ယူခြင်း၊ ယင်းသို့ ထုတ်ယူရန် ခြိမ်းခြောက်ခြင်း၊ အနိုင်အထက်ပြုခြင်း သို့မဟုတ် မတရား သြဇာလွှမ်းမိုးခြင်း မပြုရ။

၂၀။ မည်သူမျှ လှူဒါန်းသော ကိုယ်အင်္ဂါအစိတ်အပိုင်းမှတစ်ပါး အခြားကိုယ်အင်္ဂါ အစိတ်အပိုင်းတစ်ခုခုကို လှူဒါန်းသူ၏ သဘောတူညီချက်မရရှိဘဲ ထုတ်ယူခြင်း၊ ယင်းသို့ထုတ်ယူရန် တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်း မပြုရ။

၂၁။ မည်သူမျှ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူများ မှတ်ပုံတင်စာရင်းပါ ရေးသွင်းထားချက်များကို မရိုးမဖြောင့်သောသဘောဖြင့် ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း မပြုရ။

၂၂။ မည်သူမျှ ပုဒ်မ ၁၇ မှ ၂၁ အထိပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ကျူးလွန်ရန် အားပေးကူညီခြင်း မပြုရ။

တင်ပြပါ အပိုဒ်များကို လွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်များကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၇)၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဥာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၈)၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆

၂၃။ မည်သူမဆို ပုဒ်မ ၁၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့် အပြင် ငွေဒဏ်လည်း ချမှတ်ရမည်။

၂၄။ မည်သူမဆို ပုဒ်မ ၁၈၊ ၁၉ နှင့် ၂၀ တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်ရမည်။

၂၅။ မည်သူမဆိုပုဒ်မ ၂၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင် ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ် ဖြစ်စေ ချမှတ်ရမည်။

၂၆။ မည်သူမဆို ပုဒ်မ ၂၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက် ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

တင်ပြပါ အပိုဒ်များကို လွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါ တယ်ခင်ဗျာ။

**ဥက္ကဋ္ဌ။** ။ ဒီ ပြင်ဆင်ချက်များကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၈)၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၈)၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၉)၊ အပိုဒ် ၂၉

၂၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ သဘောရိုးဖြင့် ဆောင်ရွက်သော တာဝန်ရှိသူတို့အား ပြစ်မှုကြောင်းအရ ဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုခွင့်မရှိစေရ။

တင်ပြပါ အပိုဒ် ကို လွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၉)၊ အပိုဒ် ၂၉ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၉)၊ အပိုဒ် ၂၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက်-

မူလဥပဒေကြမ်း၏ အခန်း(၄)၊ အပိုဒ် ၈၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁ နှင့် အခန်း(၅)၊ အပိုဒ် ၁၂(ဃ) တို့ကို ပယ်ဖျက်ရန်အတွက် လွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက်-

မူလဥပဒေကြမ်း၏

အခန်းခေါင်းစဉ်

ဥပဒေကြမ်းခေါင်းစဉ်၊

အခန်း(၁)၊ အပိုဒ် ၁၊ အပိုဒ် ၂(က)(ဃ)(င)(စ)(ဆ)(ဈ)(ဋ)(ဌ)၊ အခန်း(၂)၊ အပိုဒ် ၃(က)(ခ)(ဂ)(င)၊

အခန်း(၃)၊ အပိုဒ် ၄(ခ)၊ အပိုဒ် ၅(က)(ခ)(င)(စ)(ဇ)(ည)၊

အခန်း(၄)၊ အပိုဒ် ၆ နှင့် ပြောင်းလဲအမှတ်စဉ်ထားသည့်

အခန်း(၅)၊ အပိုဒ် ၁၁(က)၊

အခန်း(၆)၊ အပိုဒ် ၁၆၊

အခန်း(၉)၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁ တို့ကို မူလ တင်ပြထားတဲ့အတိုင်း လွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မူလအဆိုပြုချက်အတိုင်း အတည် ဖြစ်သည်။ ဤဥပဒေကြမ်း၏ အပိုဒ် ၁ မှ အပိုဒ် ၃၁ တို့ကို ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်ကြောင်း အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၃၁ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

## ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ကိုယ်အင်္ဂါ အစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ(ခ)အရ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဦးသန်းအောင်(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ မင်္ဂလာပါခင်ဗျား။ ကျန်မားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကျွန်တော် ဦးသန်းအောင် မှ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသို့ တင်သွင်းထားတဲ့ ကိုယ်အင်္ဂါ အစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်မှ အတည်ပြု ပေးနိုင်ပါရန် အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်ခင်ဗျား။ ကျန်းမာရေးဝန်ကြီးဌာနက ကျင့်သုံးဆောင်ရွက်လျက်ရှိတဲ့ တည်ဆဲဥပဒေများအနက် ၁၉-၂-၂၀၀၄ ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁/၂၀၀၄ ဖြင့် ပြဋ္ဌာန်းခဲ့သည့် ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေအား ခေတ်နှင့် လျော်ညီမှု ရှိစေရန်နှင့် ကိုယ်အင်္ဂါ

အစိတ်အပိုင်း လျှုဒါန်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအား အတည်ပြုပေးနိုင်ပါရန် ၂၅-၆-၂၀၁၅ ရက်နေ့တွင် ကျင်းပပြုလုပ် သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် ၁၃/၂၀၁၅ သို့ တင်ပြခဲ့ရာ သဘောတူခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။ ကိုယ်အင်္ဂါ အစိတ်အပိုင်း လျှုဒါန်းခြင်း ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအား အတည်ပြု ပြဋ္ဌာန်းနိုင်ရန်အတွက် ပြည်ထောင်စု လွှတ်တော်သို့ တင်သွင်းနိုင်ရေး လိုအပ်ချက်များ ဆက်လက်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရ အဖွဲ့ရုံး၏ ၂၅-၆-၂၀၁၅ ရက်စွဲစာဖြင့် ပြည်ထောင်စုလွှတ်တော်ရုံးသို့ ပေးပို့ခဲ့ပါတယ်။ အဆိုပါ ဥပဒေမူကြမ်းနှင့်စပ်လျဥ်း၍ ၂၀-၇-၂၀၁၅ ရက်နေ့တွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီတွင် ကုသရေးဦးစီးဌာနမှ ပါမောက္ခ အသည်းခွဲစိတ် ပါမောက္ခ ဒေါက်တာသန်းလွင်၊ ပါမောက္ခ ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ပါမောက္ခ ဒေါက်တာကျော်စွာလှိုင်၊ ပါမောက္ခ ဆီးနှင့် ကျောက်ကပ်ဆေးကု ပါမောက္ခ ဒေါက်တာ ခင်သီတာသွင် နှင့် ညွှန်ကြားရေးမှူး ပုဂ္ဂလိက ကျန်းမာရေး ဒေါက်တာမိုးခိုင် တို့မှ ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကိုယ်အင်္ဂါ အစိတ်အပိုင်း လျှုဒါန်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်းချက်နှင့် ပတ်သက်၍ ခေတ်နှင့် လိုက်လျောညီထွေ မဖြစ်သည့်အတွက် ခေတ်နှင့်အညီ ဖြစ်စေရန်၊ အများပြည်သူ ပိုမိုနားလည်ရှင်းလင်းစေရန်၊ သိရှိလိုက်နာစေရန်နှင့် ကိုယ်အင်္ဂါ အစိတ်အပိုင်း အစားထိုးကုသခြင်းကို ဥပဒေနှင့်အညီ စနစ်တကျ ပိုမိုကျယ်ပြန့်စွာပြုလုပ်နိုင်ရန်အတွက် အထောက် အကူ ဖြစ်စေရန် ဥပဒေအရ ပြင်ဆင်ရေးဆွဲတင်ပြရခြင်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဥပဒေမူကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဒေါက်တာခင်မောင်လေး၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)**။ ။ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တင်သွင်းတဲ့ ကိုယ်အင်္ဂါ အစိတ်အပိုင်း လျှုဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုရန် အဆိုတင်သွင်းခြင်းကို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ကျွန်တော် ဒေါက်တာခင်မောင်လေး က ထောက်ခံအပ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကိုယ်အင်္ဂါ အစိတ်အပိုင်း လျှုဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ကိုယ်အင်္ဂါ အစိတ်အပိုင်း လျှုဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါ တယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ကိုယ်အင်္ဂါ အစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့် အတိုင်း အတည် ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် မရှိ အတည်ပြုပြီး ပေးပို့လာသော နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အတိုင်းထားရှိရန် သဘောတူ လက်ခံထားသဖြင့်လည်းကောင်း၊ ယင်းဥပဒေနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့ အတွက်လည်းကောင်း နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန်-

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည် ဖြစ်သည်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် မရှိ အတည်ပြုပြီး ပေးပို့လာသော ၂၀၁၂ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ၂၀၁၂ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည် စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော် ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တင်ပြထားတဲ့အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၄

၄။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ည)ကို အောက်ပါအတိုင်း အစားထိုးရမည်-

(ည) လွှတ်တော်ရုံး ဆိုသည်မှာ ညွှန်ကြားရေးမှူးချုပ်တစ်ဦးက ဦးဆောင်သည့် ပြည်သူ့ လွှတ်တော်၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှု ကိစ္စအဝဝတို့ကို ကြီးကြပ်ဆောင်ရွက်ရန် ဖွဲ့စည်းထားသော ရုံးကိုဆိုသည်ဟု ပြင်ဆင်ထားပါတယ်။

တင်ပြပါ ပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည် ဖြစ်တဲ့အတွက် အပိုဒ် ၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အသစ်ဖြည့်စွက်ချက်-

အပိုဒ် ၅

၅။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဠ)ကို ပယ်ဖျက်ရမည်။ အဆိုပါ တင်ပြချက်ကို လွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅ ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၇

၇။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၂၊ ပုဒ်မ ခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၂)တွင် ပါရှိသော တရားရုံးတစ်ခုခုက ဆိုသည့်စကားရပ်ကို တရားရုံး သို့မဟုတ် စုံစမ်းစစ်ဆေးမှု ပြုသည့် အဖွဲ့အစည်း တစ်ခုခုက ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။ တင်ပြပါ အပိုဒ်ကို လွှတ်တော်က အတည်ပြု ဆောင်ရွက်ပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပုဒ်မ ၁၂ လား၊ ၂ လား။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ပုဒ်မ ၁၂ ပါ ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ၁၂ နော်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေပုဒ်မ ၁၂၊ ပုဒ်မ ခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၂)ပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၀ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် ဖြင့် အတည်ပြုပြီး ပေးပို့လာသော မော်တော်ယာဉ် ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၁၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မော်တော်ယာဉ် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ဥပဒေ ကြမ်းကော်မတီက တင်ပြထားတဲ့အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါ တယ်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(င) လိုင်စင်ထုတ်ပေးသူအရာရှိ ဆိုသည်မှာ ယာဉ်မောင်း လိုင်စင်နှင့် ယာဉ်အကူ လက်မှတ်ထုတ်ပေးရန် ဦးစီးဌာနက အာဏာအပ်နှင်းခြင်းခံရသည့် အရာရှိကို ဆိုသည်။

(ဆ) မော်တော်ယာဉ် မှတ်ပုံတင်အထောက်အထား ဆိုသည်မှာ မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်၏ အချက်အလက်များ ပါဝင်သော မော်တော်ယာဉ် မှတ်ပုံတင် ထားသူကို ထုတ်ပေးသည့် မှတ်တမ်း အထောက်အထားကို ဆိုသည်။

(ဇ) မော်တော်ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ် ဆိုသည်မှာ မော်တော်ယာဉ်ကို မှတ်ပုံတင်ထားရှိကြောင်းနှင့် အများပြည်သူဆိုင်ရာနေရာတွင် မောင်းနှင်နိုင်ကြောင်း အသိအမှတ်ပြု ထုတ်ပေးသော အထောက်အထား သက်သေခံလက်မှတ်ကိုဆို သည်။

(ည) မော်တော်ယာဉ်ပိုင်ရှင် ဆိုသည်မှာ မော်တော်ယာဉ် မှတ်ပုံတင် မှတ်တမ်းတွင် မှတ်ပုံတင်ထားသူ သို့မဟုတ် မော်တော်ယာဉ် လက်ရှိဖြစ်သူသည် အရွယ်မရောက် သေးသူဖြစ်လျှင် အဆိုပါ အရွယ်မရောက်သေးသူ၏ အုပ်ထိန်းသူ သို့မဟုတ် သဘောတူစာချုပ်အရ အဆိုပါ မော်တော်ယာဉ်ကို လက်ရှိဖြစ်သူတို့ကို ဆိုသည်။

(ဋ) မော်တော်ယာဉ်အတွက် တာဝန်ရှိသူ ဆိုသည်မှာ မော်တော်ယာဉ် မှတ်ပုံတင်သူ သို့မဟုတ် မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ကြီးကြပ်တာဝန် ယူဆောင်ရွက်သူကို ဆို သည်။

(ဌ) ယာဉ်စစ်ဆေးချက်သက်သေခံလက်မှတ် ဆိုသည်မှာ ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် မော်တော်ယာဉ်ကို စစ်ဆေး၍ မော်တော်ယာဉ် ကြံ့ခိုင်မှုရှိကြောင်း ထုတ်ပေးသော အထောက်အထား သက်သေခံ လက်မှတ်ကို ဆိုသည်။

(ဒ) မော်တော်ယာဉ် မှတ်ပုံတင်နံပါတ်ပြား ဆိုသည်မှာ မော်တော်ယာဉ်၏ မှတ်ပုံတင် အမှတ်ကို ဖော်ပြလျက် မော်တော်ယာဉ်၏ အရှေ့နှင့် အနောက်တွင် တပ်ဆင် အသုံး ပြုရန် ဦးစီးဌာနက ထုတ်ပေးထားသော နံပါတ်ပြားကိုဆိုသည်။

(န) လမ်းညွှန်လမ်းအမှတ်အသားနှင့် အချက်ပြများဆိုသည်မှာ မော်တော်ယာဉ် မောင်း သူများ အပါအဝင် လမ်းအသုံးပြုသူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး အတွက် အချက်ပြအညွှန်း၊ အမှတ်အသားနှင့် အချက်ပြကိရိယာများကို ဆိုသည်။

(ပ) ယာဉ်မောင်းလိုင်စင်ဆိုသည်မှာ လိုင်စင်ထုတ်ပေးသူ အရာရှိက သီးခြား ဖော်ပြထား သူအား မော်တော်ယာဉ်ကိုဖြစ်စေ၊ သီးခြားဖော်ပြထားသည့် အတန်းအစား သို့မဟုတ်

အမျိုးအစားတစ်ခုခုတွင် ပါဝင်သော မော်တော်ယာဉ်ကိုဖြစ်စေ မောင်းနှင်ခွင့်ပြုကြောင်း ထုတ်ပေးသည့် စာတမ်းအမှတ်အသားကို ဆိုသည်။

(ဖ) ယာဉ်အကူလက်မှတ်ဆိုသည်မှာ ခရီးသည်တင်မော်တော်ယာဉ်တွင်ဖြစ်စေ၊ ကုန်တင်မော်တော်ယာဉ်တွင်ဖြစ်စေ မော်တော်ယာဉ် မောင်းသူနှင့် ခရီးသည်များကို ကူညီဆောင်ရွက်သူကို ထုတ်ပေးသည့် စာတမ်းအမှတ်အသားကို ဆိုသည် တင်ပြပါ အပိုဒ်ခွဲများကို လွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အပိုဒ်ခွဲ (ဒ)က နံပါတ်ပြား ဆိုတာ ( မောက်ချ ) မပါဘူး။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ မှန်ပါတယ်ခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(င)(ဆ)(ဇ)(ည)(ဋ)(ထ)(ဒ)(န) (ပ)(ဖ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂ (င)(ဆ)(ဇ)(ည)(ဋ)(ထ)(ဒ)(န)(ပ)(ဖ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၅)၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂(က)(၅)

၂၁။ ယာဉ်မောင်းလိုင်စင် ရရှိလိုသူသည် လိုင်စင်ထုတ်ပေးသည့် အရာရှိထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။ လိုင်စင်ထုတ်ပေးသည့်အရာရှိသည် သတ်မှတ်ချက်များနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိပါက ယာဉ်မောင်းလိုင်စင် ထုတ်ပေးရမည်။

၂၂။ (က) (၅) ဤဥပဒေအရ ပြစ်မှု သို့မဟုတ် မော်တော်ယာဉ် မောင်းနှင်ခြင်းနှင့် စပ်လျဉ်းသည့် ပြစ်မှုအတွက် ပြစ်မှုထင်ရှားစီရင်၍ ထိုသို့ပြစ်မှုထင်ရှား စီရင်သည့် တရားရုံးက ယာဉ်မောင်းလိုင်စင် ထုတ်မပေးရန် သို့မဟုတ် ရုပ်သိမ်းရန် သို့မဟုတ် ခေတ္တရပ်စဲရန် အဆိုပြုခြင်းခံရသူ ဖြစ်ခြင်း။ တင်ပြပါ အပိုဒ် အပိုဒ်ခွဲများကို အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ (ခြင်း) တွေ ထပ်နေတယ်။ အဆိုပြုခံရသူဖြစ်ခြင်း ဆို ရပါပြီ။ ရပြီနော်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၅)၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂(က)(၅) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၅)၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂(က)(၅) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၆) အခန်းခေါင်းစဉ်

အခန်း(၆)

မော်တော်ယာဉ် တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ တည်ဆောက်တပ်ဆင်ခြင်း၊
ပြုပြင်ထိန်းသိမ်းခြင်းနှင့် စစ်ဆေးခြင်း

တင်ပြပါ အခန်းခေါင်းစဉ်ကို အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၆)၊ အခန်းခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆)၊ အခန်း ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၇)

၃၈။ ဝန်ကြီးဌာနသည် -

(ဂ) ကော်မတီ အသီးသီးတွင် ထိရောက်စွာ တာဝန် ထမ်းဆောင်နိုင်ရန်၊ ယာဉ်အန္တရာယ် လမ်းအန္တရာယ် ကင်းရှင်းရေး ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများကို ထည့်သွင်း ဖွဲ့စည်းနိုင်သည်။

(ဃ) အများပြည်သူဆိုင်ရာ နေရာတွင် ဆောင်ရွက်သည့် တည်ဆောက်မှု လုပ်ငန်းများ အပေါ် ကြိုတင်ပြင်ဆင်ဆဲကာလတွင်ဖြစ်စေ၊ ဆောက်လုပ်ဆဲကာလတွင်ဖြစ်စေ၊ အသုံးပြုနေသည့် ကာလတွင်ဖြစ်စေ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး အတွက် အကြံပြုချက်များနှင့် သုံးသပ်ချက်များကို ထုတ်ပြန်ပေးပို့နိုင်သည်။

၃၉။ (က) အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီသည် ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စု နယ်မြေတို့တွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး ကောင်စီများကို ဖွဲ့စည်း၍ ယင်းတို့၏ လုပ်ငန်း တာဝန်များကို သတ်မှတ်ရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ယာဉ် အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး ကောင်စီသည် ခရိုင်နှင့် မြို့နယ် ယာဉ် အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး ကောင်စီ တို့ကို ဖွဲ့စည်း၍ ယင်းတို့၏ လုပ်ငန်း တာဝန်များကို သတ်မှတ်ရမည်။

၄၁။ ဝန်ကြီးဌာနသည် ဤဥပဒေ၊ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေနှင့်အညီ ကောက်ခံ သည့် ဒဏ်ကြေးငွေနှင့် အောက်ပါ အခငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်-

၄၂။ ဝန်ကြီးဌာနသည် ဤဥပဒေ၊ ဤဥပဒေအရပြုသော နည်းဥပဒေနှင့်အညီ ကောက်ခံသည့် ဒဏ်ကြေးငွေနှင့် အခငွေပမာဏများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြင်ဆင် ခြင်းနှင့် ပြောင်းလဲခြင်း ပြုနိုင်သည်။ တင်ပြပါ အပိုဒ်၊ အပိုဒ်ခွဲများကို လွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၇)၊ အပိုဒ် ၃၈(ဂ)(ဃ)၊ အပိုဒ် ၃၉(က)(ခ)၊ အပိုဒ် ၄၁ ခြေဆင်း၊ အပိုဒ် ၄၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အပိုဒ် ၃၈(ဂ)(ဃ)၊ အပိုဒ် ၃၉(က)(ခ)၊ အပိုဒ် ၄၁ ခြေဆင်း၊ အပိုဒ် ၄၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၈)၊ အပိုဒ် ၄၄(ခ)(ဆ)(ဈ)

၄၄။ ဦးစီးဌာန၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်ပါ သည် -

(ခ) မော်တော်ယာဉ် မှတ်ပုံတင်ခြင်း လုပ်ငန်းဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလက်မှတ် လျှောက်ထားမှုကို စစ်ဆေးခြင်း၊ ထုတ်ပေးခြင်း၊ အမျိုးအစား ခွဲခြားခြင်း၊ မောင်းနှင်ခွင့် သုံးစွဲခွင့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဈ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး နှင့်စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊ ပညာပေးလှုံ့ဆော်ခြင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ တင်ပြပါ အပိုဒ်ခွဲများကို အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။ ။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၈)၊ အပိုဒ် ၄၄ (ခ)(ဆ)(ဈ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၈)၊ အပိုဒ် ၄၄ (ခ)(ဆ)(ဈ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၉)၊ အပိုဒ် ၄၆၊ အပိုဒ် ၄၇(က)၊ အပိုဒ် ၅၀(က)

၄၆။ မည်သူမျှ မော်တော်ယာဉ်ကို သူတစ်ပါးထိခိုက်မှု အာမခံမထားရှိဘဲ အများပြည်သူဆိုင်ရာ နေရာတွင် အသုံးမပြုရ သို့မဟုတ် အသုံးပြုခွင့်မပေးရ။ ဤတားမြစ်ချက်သည် ခရီးသည်များနှင့် မသက်ဆိုင်စေရ။

၄၇။ (က) မည်သူမျှ မိမိအား ထုတ်ပေးထားသည့် ယာဉ်မောင်း လိုင်စင် လက်ဝယ်မထားလျှင် အများပြည်သူဆိုင်ရာ နေရာတွင် မော်တော်ယာဉ်ကို မောင်းနှင်ခြင်း မပြုရ။

၅၀။ မည်သူမျှ -

(က) လုပ်ငန်းလိုင်စင်မရှိဘဲ မော်တော်ယာဉ် ထုတ်လုပ်ခြင်း လုပ်ငန်း သို့မဟုတ် ရောင်းချ ခြင်းလုပ်ငန်း သို့မဟုတ် တည်ဆောက်တပ်ဆင်ခြင်း လုပ်ငန်းကို မပြုရ ၊ တင်ပြပါ အပိုဒ်၊ အပိုဒ်ခွဲများကို အတည်ပြုဆောင်ရွက်ပေးနိုင်ပါ ရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၉)၊ အပိုဒ် ၄၆၊ အပိုဒ် ၄၇(က)၊ အပိုဒ် ၅၀(က) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၉)၊ အပိုဒ် ၄၆၊ အပိုဒ် ၄၇(က)၊ အပိုဒ် ၅၀(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ညွှာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၁၀)၊ အပိုဒ် ၅၈(ဂ)

၅၈။ (ဂ) ပုဒ်မခွဲ (က) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို တစ်နှစ် အတွင်း ထပ်မံကျူးလွန်လျှင် ထပ်မံကျူးလွန်သော ပြစ်မှုအတွက် သုံးလထက် မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ် တစ်သိန်းထက် မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ တင်ပြပါ အပိုဒ်ခွဲကို အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၀)၊ အပိုဒ် ၅၈(ဂ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၀)၊ အပိုဒ် ၅၈(ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏အသစ်ဖြည့်စွက်ချက်-

အခန်း(၁၃)၊ အပိုဒ် ၇၇

၇၇။ ဝန်ကြီးဌာနသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီဝင်များအတွက် ချီးမြှင့်ငွေနှင့် စရိတ်များကို ကျခံရမည်။ တင်ပြပါအသစ်ဖြည့်စွက်ချက်ကို လွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၃)၊ အပိုဒ် ၇၇ ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၃)၊ အပိုဒ် ၇၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက်-

ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း၏ ဥပဒေကြမ်း၏ ခေါင်းစဉ်၊

အခန်း(၁)၊ အပိုဒ် ၂(က)(ခ)(ဂ)(ဃ)(စ)(ဈ)(ဌ)(ဍ)(ပ)(ဏ)(တ)(ဓ)(ဗ)၊

အခန်း(၃)၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄(က)(ခ)၊ အပိုဒ် ၁၅၊

အခန်း(၄)၊ အပိုဒ် ၁၇ ခြေဆင်း၊ အပိုဒ် ၁၇(က)(င)၊ အပိုဒ် ၁၈(ဂ)၊ အပိုဒ် ၁၉(က)၊

အခန်း(၅)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၀၊ အပိုဒ် ၂၂(ခ)၊ အပိုဒ် ၂၅၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃(က)၊

အခန်း(၆)၊ အပိုဒ် ၃၄၊ အပိုဒ် ၃၇၊

အခန်း(၇)၊ အပိုဒ် ၃၈(က)(ခ)၊ အပိုဒ် ၄၁(ဂ)၊ အပိုဒ် ၄၃ ၊

အခန်း(၈)၊ အပိုဒ်၄၄(က)(ဂ)(ဃ)(င)(စ)(ဇ)(ည)(ဋ)(ဎ)(ဍ)(ပ)(ဏ)

အခန်း(၉)၊ အပိုဒ် ၄၅ ခြေဆင်း၊ အပိုဒ် ၄၅(က)(ခ)(ဂ)၊ အပိုဒ်၄၇(ခ)၊ အပိုဒ် ၄၉(ဂ)၊ အပိုဒ် ၅၀(ခ)၊ အပိုဒ် ၅၄(ခ)(င)(ဇ)၊ အပိုဒ် ၅၅(က)(ဂ)၊

အခန်း(၁၀)၊ အပိုဒ် ၅၈(က)(ခ)၊ အပိုဒ် ၆၀၊ အပိုဒ် ၆၂၊ အပိုဒ် ၆၅၊

အခန်း(၁၁)၊ အပိုဒ် ၆၇ ခြေဆင်း၊ အပိုဒ် ၆၇(ဂ)၊

အခန်း(၁၂)၊ အပိုဒ် ၇၀(က)(၂)(၃)၊ အပိုဒ် ၇၁(ခ)၊

အခန်း(၁၃)၊ အပိုဒ် ၇၅ ခြေဆင်း၊ အပိုဒ် ၇၅(ဇ)(န)(ဠ)(အ)နှင့်

ပြောင်းလဲအမှတ်စဉ်ထားသည့်

အခန်း(၁၄)၊ အပိုဒ် ၇၈၊ အပိုဒ် ၇၉၊ အပိုဒ် ၈၀၊ အပိုဒ် ၈၁၊ အပိုဒ် ၈၂ တို့ကို ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့်အတိုင်း ဆက်လက်အတည်ပြုဆောင်ရွက်နိုင်ပါရန် လေးစား စွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ် သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည် ပြုပြီး ပေးပို့ထားသော ကိုးကွယ်ရာ ဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင်စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ၁၉-၁-၂၀၁၅ ရက်နေ့တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒုတိယရှေ့နေချုပ်က အဆိုတင်သွင်းပြီး ၁၄-၅-၂၀၁၅ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၉ အရ အကြောင်း ပြန်ကြားလာပါတယ်။

ဒါကြောင့် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ ထားသော ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၁၊ နည်းဥပဒေခွဲ(က)အရ အမျိုးသားလွှတ်တော်သို့ အသိပေး တင်ပြအပ်ပါတယ်။

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ အရက်/ ဘီယာ/စီးကရက် ကြော်ငြာအားလုံး အထူးကန့်သတ်လျှော့ချ သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၃၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ တင်သွင်းထားသည့် အရက်/ ဘီယာ/ စီးကရက် ကြော်ငြာအားလုံး အထူးကန့်သတ် လျှော့ချသွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့် စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၆။**

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်ကြီးများ၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန-၁ မှ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ၏ အရက်/ ဘီယာ/ စီးကရက် ကြော်ငြာအားလုံးကို

အထူးကန့်သတ် လျှော့ချသွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနဲ့ ပတ်သက်၍ သမ္မတရုံးဝန်ကြီးဌာန -၃ ပြည်ထောင်စုဝန်ကြီးကိုယ်စား လေးစားစွာဖြင့် ဖြေကြားရှင်းလင်းသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန် လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။

အရက်/ဘီယာ ကြော်ငြာများနဲ့ ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာန အနေဖြင့် ယစ်မျိုး စည်းကမ်းဖောက်ဖျက်သူများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သက်ဆိုင်ရာ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့များ ပါရှိသည့် ယစ်မျိုးလိုင်စင်များ တိုးမြှင့်ကောက်ခံရေး နှင့် စိစစ်ကြပ်မတ်ရေးအဖွဲ့ဖြင့် စစ်ဆေး၍ ယစ်မျိုးအက်ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိသကဲ့သို့ ယစ်မျိုးလိုင်စင် ရယူလုပ်ကိုင်လျက်ရှိသော လုပ်ငန်းရှင်များအနေဖြင့် ပြည်တွင်းထုတ် သတင်းစာ၊ ဂျာနယ် မဂ္ဂဇင်း၊ စာစောင်များတွင် အရက်၊ ဘီယာကြော်ငြာများ ထည့်သွင်းဖော်ပြခြင်းမပြုရန် ညွှန်ကြား၊ ကြပ်မတ် ဆောင်ရွက်လျက်ရှိပါတယ်။ စီးကရက် အပါအဝင် ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်းများကို တွင်ကျယ် စွာ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် လူအများသိရှိစေရန် ကြော်ငြာခွင့်မရှိကြောင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေပုဒ်မ ၁၁ တွင် ပြည်သူမဆို ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို တွင်ကျယ်စွာ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် လူအများအား သိရှိစေရန် အောက်ပါပြုလုပ်မှု တစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ပထမ အကြိမ် ပြစ်မှုကျူးလွန်ခြင်း ဖြစ်ပါက ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ် နှစ်သောင်းမှ အများဆုံး ကျပ် ငါးသောင်း အထိ လည်းကောင်း၊ ဒုတိယအကြိမ်နှင့်အထက် ပြစ်မှုကျူးလွန်ခြင်း ဖြစ်ပါက ထိုသူအား (၂) နှစ်ထက် မပိုသော ထောင်ဒဏ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ် နှစ်သိန်းအထိ လည်းကောင်းချမှတ်ရမည်။ (က) ကြော်ငြာဆိုင်းဘုတ် စိုက်ထူခြင်း၊ ရေးဆွဲဖော်ပြ၍ ကြော်ငြာ ခြင်း၊ ကြော်ငြာချိတ်ဆွဲခြင်း၊ ကြော်ငြာကပ်ခြင်း၊ ကြော်ငြာလက်ကမ်းစာရွက် ဝေငှခြင်း သို့မဟုတ် အခြား နည်းတစ်နည်းနည်းဖြင့် ကြော်ငြာခြင်း၊ ရေဒီယို၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုတို့ဖြင့် ဖြစ်စေ၊ အဆင့်မြင့် နည်းပညာသုံး ဆက်သွယ်ရေးစနစ်ဖြင့်ဖြစ်စေ၊ လူထုဆက်သွယ်ရေးလမ်းကြောင်းမှ ထုတ်လွှင့်ခြင်း သို့မဟုတ် ပြသခြင်း၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် လက်ကမ်းစာစောင်များတွင် ဖော်ပြခြင်း သို့မဟုတ် ယင်းတို့ကို ဖြန့်ချိခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းများ၏ အမှတ်တံဆိပ်ပါသော ပစ္စည်းများကို အခမဲ့ဖြန့်ဖြူးခြင်း၊ ဝေငှခြင်း သို့မဟုတ် လက်ဆောင်ပေးခြင်း။ ( င) အားကစားပွဲ၊ ပျော်ရွှင်ပွဲ သို့မဟုတ် ပြပွဲကျင်းပနိုင်ရန်ဖြစ်စေ၊ အကျိုးပြုလုပ်ငန်းတစ်ခုခုကို ပြုလုပ်နိုင်ရန်ဖြစ်စေ အထောက်အပံ့ပေးခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးခြင်း။ (စ) လူအသုံးအဆောင် ပစ္စည်းတစ်ခုခု တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း၏ အမှတ်တံဆိပ်ကို ဖော်ပြခြင်း။

(ဆ) အခြားတစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်းတို့ ဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ပြည်သူတို့အား ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေ ပေးရန်ဆိုသည့် ဦးတည်ချက် (၃)ရပ်ဖြင့် ပြည်သူတို့အတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အနေဖြင့် ရုပ်မြင်သံကြားကြော်ငြာများ ပေါ်ထွန်းစဖြစ်သည့် ၁၉၉၀ ပြည့်နှစ်များတွင် အရက်၊ ဘီယာနှင့် ဆေးလိပ်ကြော်ငြာများ ထည့်သွင်းခဲ့သော်လည်း ဆေးလိပ်တားမြစ်ချက်နှင့် ကျန်းမာရေး အသိပေးချက်တို့ကို အစဉ်တစိုက်တွဲလျက် ဖော်ပြခဲ့ပါတယ်။ သို့ရာတွင် ၂၀၀၀ ပြည့်နှစ်မှစ၍ ရုပ်မြင်သံကြားလုပ်ငန်းတွင် အရေးပါသော ဝင်ငွေရရှိသည့် ကြော်ငြာကဏ္ဍတွင် တက်သစ်စ

လူငယ်များ လမ်းမှားလိုက်မိစေမည့် အရက်၊ ဘီယာနှင့် ဆေးလိပ်ကြော်ငြာများအား ထုတ်လွှင့်ခြင်း မပြုတော့ဘဲ ရပ်ဆိုင်းခဲ့ပါပြီ ဖြစ်ပါတယ်။

၂၀၁၂ ခုနှစ်မှစ၍ အရက်ကုမ္ပဏီများမှ တံဆိပ်တူ ရောင်းချသည်ဆိုတာနှင့် သောက်ရေသန့် ကြော်ငြာများကိုပင် လက်ခံထုတ်လွှင့်ခြင်းက ရပ်ဆိုင်းထား ခဲ့ပါတယ်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တီဗွီ ၊ ရေဒီယိုကြော်ငြာ ထည့်သွင်းရာတွင်လည်းကောင်း၊ သတင်းနှင့်စာနယ်ဇင်း လုပ်ငန်းမှ ထုတ်ဝေသော နေ့စဥ်ထုတ် သတင်းစာများတွင် ကြော်ငြာထည့်သွင်း ဖော်ပြမှုနှင့် ပတ်သက်၍လည်းကောင်း၊ ကြော်ငြာအမျိုးအစားအလိုက် မူဝါဒ ချမှတ်ကာ လိုအပ်သော အချက်အလက် အထောက်အထားများ ပြည့်စုံစွာ ပူးတွဲရယူပြီး လက်ခံဖော်ပြပေးလျက်ရှိပါတယ်။ ထိုသို့ ဖော်ပြရာတွင် အရက်၊ ဘီယာ၊ စီးကရက် ကြော်ငြာများကို လုံးဝထည့်သွင်းဖော်ပြခြင်း မပြုရန် ကန့်သတ်ထားသကဲ့သို့ ၂၀၁၅ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ကြော်ငြာနှင့်ပတ်သက်၍ လိုက်နာရမည့် မူဝါဒ စည်းကမ်းချက်များနှင့် နှုန်းထားများကို တရားဝင်ထုတ်ပြန်ခဲ့ပါတယ်။ ယင်းထုတ်ပြန်ချက်တွင် အရက်၊ ဘီယာ၊ ဆေးလိပ်၊ စီးကရက် ကြော်ငြာများ လုံးဝထည့်သွင်းဖော်ပြခြင်း မပြုရန် ယင်းကြော်ငြာများနှင့် ပတ်သက်၍ ပုံ ၊ ပုံစာ၊ စာသားများတွင် တစ်စိတ်တစ်ဒေသအဖြစ်လည်းကောင်း အားလုံးအဖြစ်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ လုံး၀ (လုံး၀) ထည့်သွင်းဖော်ပြခြင်း မပြုရန်ဟု ဖော်ပြထားပါတယ်။ နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်နှင့် ပြည်နယ်/ တိုင်းဒေသကြီးများတွင် အရက်၊ ဘီယာ၊ စီးကရက် ကြော်ငြာများနှင့် တိုက်ရိုက်ကြော်ငြာ မဟုတ်သော်လည်း သွယ်ဝိုက်၍ ထင်သာမြင်သာ ရှိစေသော အရက်၊ ဘီယာကြော်ငြာများအား လျှော့ချစီမံဆောင်ရွက်လျက်ရှိပါကြောင်း စားသောက်ဆိုင်များနှင့် နားနေခန်းများတွင် ဖွင့်လှစ်သော အရက်ကောင်တာများတွင် အရက်ရောင်းချရန် သို့မဟုတ် အကူရောင်းချရန် အမျိုးသမီးများအား လခနှင့်သော်လည်းကောင်း၊ လခမဲ့သော်လည်းကောင်း၊ ကြော်ငြာဆောင်ရွက်ခွင့် မပြုစေရေး ယစ်မျိုးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ် မေလ ၇ ရက် ရက်စွဲပါ စာအမှတ် ပထရ/၁-၃ ၁၀၃၀/၁၀၀၅ နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၁၃ ခုနှစ် မေလ ၁၇ရက် ရက်စွဲပါ စာအမှတ် ၃၀၀/၆-၂/ဦး(၄) ၅၆၈ တို့ဖြင့် နေပြည်တော် တိုင်းဒေသကြီး၊ ပြည်နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန များသို့ အရက်၊ ဘီယာ ထုတ်လုပ်သူများနှင့် ယစ်မျိုး လိုင်စင်ရယူထားသော ကုမ္ပဏီများအား ပြည်တွင်းထုတ် သတင်းစာ၊ ဂျာနယ် ၊ မဂ္ဂဇင်း ၊ စာစောင်များတွင် အရက်၊ ဘီယာ ကြော်ငြာများ ထည့်သွင်းမဖော်ပြစေရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားရန် ညွှန်ကြားထားပါတယ်။ နယ်စပ် ကြော်ငြာဆိုင်းဘုတ်များနှင့်ပတ်သက်၍လည်း သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များ အနေဖြင့် ဌာနဆိုင်ရာများ၏ သတ်မှတ်ထုတ်ပြန်ထားရှိသော ဥပဒေ ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက် များအတိုင်း လိုက်နာရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ အရက်ယမကာ သုံးစွဲမှု ထိန်းချုပ်ရေး နှင့်ပတ်သက်၍ ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်းကဲ့သို့ လူမှုရေး အသင်းအဖွဲ့ အစည်းများကလည်း အရက် ယမကာနှင့် စီးကရက် သောက်သုံးမှုကို လျှော့ချအောင် စည်းရုံးပညာပေး ဆောင်ရွက် လျက်ရှိပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အရက်ဘီယာများကို အလွန်အကျွံ သောက်သုံးခြင်းဖြင့် ဖြစ်စေတတ်သော လေဖြတ်ရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ ကင်ဆာရောဂါ စသည့် ဆိုးကျိုး

များအားလည်းကောင်း၊ စီးကရက်၊ ဆေးလိပ်၊ ဆေးရွက်ကြီးများအား သောက်သုံးပါက ၎င်းတွင် ပါရှိသော အဆိပ်ဓာတ်ပေါင်း (၄၀၀၀)ကျော်မှ ကင်ဆာရောဂါအပါအဝင် နာတာရှည်ရောဂါများ ဖြစ်ပွားနိုင်သည့် ဆိုးကျိုးများအားလည်းကောင်း ခံစားရမည် ဖြစ်ပါသောကြောင့် နေ့စဉ်ထုတ် သတင်းစာများ၊ တီဗွီ နှင့် ရေဒီယိုများတွင် ကျန်းမာရေးပညာပေး ဇာတ်လမ်းတိုများ၊ ဆွေးနွေးခန်းများ နှင့် ထုတ်ဝေချက်များအား ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ စဉ်ဆက်မပြတ် ထုတ်လွှင့် ပေးလျက် ရှိပြီး နှစ်စဉ် မေလ ၃၁ ရက်နေ့၌ နေပြည်တော်နှင့် တိုင်းဒေသကြီး ပြည်နယ် အားလုံးတွင် ကမ္ဘာ့ဆေးလိပ် မသောက်သုံးရ မသောက်ရေးနေ့ အခမ်းအနားများ ကျင်းပ၍လည်းကောင်း ပိုစတာနှင့် လက်ကမ်းစာစောင်များကို ထုတ်လုပ်ဖြန့်ဖြူးရေး အခြေခံ ကျန်းမာရေးဝန်ထမ်းများမှ တစ်ဆင့် ပြည်သူများအား ကျန်မာရေးပညာပေးခြင်း၊ မြို့နယ်များရှိ ကျောင်းကျန်းမာရေး အဖွဲ့များ အနေနှင့် အခြေခံပညာကျောင်းများတွင် ပညာပေးဟောပြောခြင်းများကို ဆောင်ရွက်လျက် ရှိပါတယ်။ ပြည်သူများအနေဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်မှု ဥပဒေကို ဥပဒေပါ ပြဋ္ဌာန်းချက်များကို ပိုမိုသိရှိလိုက်နာကျင့်သုံးလာစေရန် ကျန်းမာရေး ပညာပေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး သက်ဆိုင်ရာ တာဝန်ခံ ပုဂ္ဂိုလ်များမှ ဥပဒေအတိုင်း ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော နည်းဥပဒေများကိုလည်း ညှိနှိုင်းရေးဆွဲလျက်ရှိပါတယ်။

သို့ပါ၍ လွှတ်တော်ကိုယ်စားလှယ်၏ အဆိုတွင် တိုက်တွန်းထားသည့်အတိုင်း အရက်၊ ဘီယာ၊ စီးကရက်ကြော်ငြာများအား ထိန်းချုပ်ကန့်သတ်ခြင်း၊ လိုက်နာရန် ပျက်ကွက်သူများကိုလည်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဆက်လက်၍ လည်း ယင်းကုန်ပစ္စည်းများ ကြော်ငြာနေခြင်းများကို ထိန်းချုပ်ကန့်သတ်ခြင်းအား တိုးမြှင့် ကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း နှင့် မကွေးတိုင်းဒေသကြီးအမှတ်(၁၂) မဲဆန္ဒနယ်မြေ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ၏ အရက်၊ ဘီယာ၊ စီးကရက် ကြော်ငြာအားလုံး အထူး ကန့်သတ်လျှော့ချသွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို မှတ်တမ်းတင် ထားရှိသင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ အဆိုရှင် ဦးလှဆွေ က မိမိရဲ့အဆိုကို ရုပ်သိမ်းလိုခြင်း ရှိ/မရှိ တင်ပြပါ။

**အချိန်၊ ၁၀း၄၅။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြီးခဲ့တဲ့အပတ် နှစ်ပတ်လောက်ကပဲ ရန်ကုန်မှာ သင်္ကြန်ကားကြီးလိုပဲ Stage Show ကားတစ်စီးတွေ့ပါတယ်။ အဲဒီကားက Stage Show မဟုတ်ဘဲနဲ့ တကယ်တမ်း ကျတော့ အရက် ကြော်ငြာတဲ့ကားဖြစ်ပါတယ်။ တီးဝိုင်းတွေ၊ အဆိုတော်တွေနဲ့။ ဆိုတော့ ဒါဟာ ကျွန်တော်တို့ ကန့်သတ်ထားတဲ့ ဟာကို ဘယ်သူကခွင့်ပြုတာလဲ။ ဒါတွေဟာ ကျွန်တော်တို့ Law Informant အမှန်တကယ် လိုအပ်နေတာဖြစ်ပါတယ်။

ဒီ နေပြည်တော်မှာဆိုလည်း ဆိုက်ကားသမားတွေအားလုံးကို အရက်၊ တီရှပ်တွေ ပေးထားတာကို ကျွန်တော်တို့တွေ့ရမှာဖြစ်ပါတယ်။ ဒါပေမယ်လို့ ဝန်ကြီးက အခုဖြေကြားသွားတဲ့ အခါမှာ ဒီထက်ပိုမိုပြီးတော့ ကြပ်မတ်ဆောင်ရွက်သွားမှာလို့ သိရတဲ့အတွက်ကြောင့် ကျွန်တော်တို့ ကတိကဝတ်ကပဲ ဝန်ကြီးရဲ့ ဖြေကြားချက်ကိုသေချာလေး မှတ်တမ်းတင်ထားဖို့နဲ့ ဝန်ကြီးရဲ့ဆန္ဒအတိုင်း မှတ်တမ်း တင်ဖို့ ကျွန်တော် သဘောတူပါတယ် ခင်ဗျား။

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ။** ။ မူလအဆိုရှင်ရဲ့ သဘောတူညီချက်အရ အဆိုကို မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

**အချိန်၊ ၁၁း၄၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေးကို ၁၉-၁-၂၀၁၅ ရက်နေ့မှ ယနေ့ ၁၉-၈-၂၀၁၅ ရက်နေ့အတွင်း (၇၅)ရက် ကျင်းပပြုလုပ်ခဲ့ပါတယ်။ (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆိုများ၊ အစီရင် ခံစာများနှင့် ဥပဒေကြမ်းများ တင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် အတည်ပြုခြင်းများကို ဆောင်ရွက်နိုင်ခဲ့ ပါတယ်။ မေးခွန်းများ မေးမြန်းခြင်းကဏ္ဍမှာ လွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြမေးခွန်း (၂၉၈) ခုနှင့် ကြယ်ပွင့်မပြမေးခွန်း(၄၁၀)ခုတို့ကို မေးမြန်းခဲ့ရာ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင်များက လွှတ်တော်တွင် နှုတ်ဖြင့်ဖြေကြားခြင်းနှင့် စာဖြင့်ပေးပို့ ဖြေကြားခြင်း များကို ဆောင်ရွက်ခဲ့ပါတယ်။ ကြယ်ပွင့်ပြမေးခွန်း (၅)ခုဟာ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၂ အရ နိုင်ငံသားများအတွက်အကျိုးဖြစ်ထွန်းစေမည့် မေးခွန်းဖြစ်တယ်လို့ ဥက္ကဋ္ဌက သတ်မှတ်ခဲ့တဲ့ အတွက် မေးခွန်းများနှင့် ဖြေကြားချက်များကို နိုင်ငံတော် ပြန်တမ်းမှာ ထည့်သွင်းခဲ့ ပါတယ်။

အဆိုများ တင်သွင်းခြင်းကဏ္ဍမှာ လွှတ်တော်ကိုယ်စားလှယ်(၁၁)ဦးက အဆို (၁၄)ခု တင်သွင်း ခဲ့ရာ အဆို ( ၁၀ )ခု အတည်ပြုနိုင်ခဲ့ပြီး အတည်မပြုသော အဆို (၂)ခု နှင့် မှတ်တမ်းတင် အဆို(၂)ခု တို့ ဖြစ်ပါတယ်။

ဥပဒေကြမ်း တင်သွင်းခြင်းကဏ္ဍနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ဆောင်ရွက်ချက်များ ကို တင်ပြပါမယ်။

အမျိုးသားလွှတ်တော်မှာ စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်က ပေးပို့သည့် ဥပဒေ ကြမ်းများအနက် -

၁။ လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်း

၂။ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်း

၃။ မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်း

၄။ ပြည်တွင်းရေကြောင်းသွားရေယာဉ် ဥပဒေကြမ်း

၅။ ရာဇဝတ်ကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

၆။ နေပြည်တော် စည်ပင်သာယာရေး ဥပဒေကြမ်း

၇။ မြေသြဇာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

၈။ လယ်ယာထွက်ကုန် ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း

၉။ အမြန်လမ်းမကြီး ဥပဒေကြမ်း

၁၀။ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်း

၁၁။ မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကြမ်း

၁၂။ အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

၁၃။ တင်းတောင်းပမာဏ စံသတ်မှတ်ရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

၁၄။ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်း

၁၅။ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်း

၁၆။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း

၁၇။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကြမ်း

၁၈။ အကျဉ်းထောင်များ ဥပဒေကြမ်း

၁၉။ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

၂၀။ သွေးနှင့်သွေးပစ္စည်းများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

၂၁။ အခြေခံပညာရေး ဥပဒေကြမ်း

၂၂။ နည်းပညာနှင့် အသက်မွေးပညာရေး ဥပဒေကြမ်း

၂၃။ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်းစသည့် ဥပဒေတွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းတဲ့ ဥပဒေကြမ်းများအနက် -

၁။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ က ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၁၆-၂-၂၀၁၅ ရက်နေ့မှာ အဆိုတင်သွင်းခဲ့ပါတယ်။ အမျိုးသားလွှတ်တော်မှာ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း ၁၅-၆-၂၀၁၅ ရက်နေ့တွင် အတည်ပြု ဆုံးဖြတ်ခဲ့ပါတယ်။

၂။ ဥပဒေဘာသာပြန် ကော်မရှင် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအား လွှတ်တော်က သဘောမတူကြောင်း ဆုံးဖြတ်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၄(က)အရ ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးရန် ဆုံးဖြတ်ခဲ့ပါတယ်။

၃။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဇော်မြင့်ဖေက အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၁၉-၃-၂၀၁၅ ရက်နေ့မှာ အဆိုတင်သွင်းခဲ့ပြီး ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့ပါတယ်။

၄။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် က မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေကြမ်းကို ၁၉-၃-၂၀၁၅ ရက်နေ့မှာ အဆိုတင်သွင်းခဲ့ပါတယ်။ အမျိုးသားလွှတ်တော်မှာ ပြည်သူ့လွှတ်တော်ရဲ့ပြင်ဆင်ချက်များအတိုင်း ၁၆-၆-၂၀၁၅ ရက်နေ့မှာ အတည်ပြု ဆုံးဖြတ်ခဲ့ပါတယ်။

၅။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် က ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို ၇-၄-၂၀၁၅ ရက်နေ့မှာ အဆိုတင်သွင်းခဲ့ပါတယ်။ ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း ၁၆-၆-၂၀၁၅ ရက်နေ့တွင် အတည်ပြုခဲ့ပါတယ်။

အမျိုးသားလွှတ်တော်မှ အတည်ပြုပြီး ပြည်သူ့လွှတ်တော်မှာ ဆွေးနွေးရန် ပေးပို့ထားသည့် ဥပဒေကြမ်းများကတော့-

၁။ မျိုးစေ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

၂။ သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ) အက် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

၃။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ချက်များ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

၄။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း

၅။ ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်း

၆။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်း စသည်တို့ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်မှာ စတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့် အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့တဲ့ ဥပဒေကြမ်းများကတော့

၁။ ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

၂။ မြန်မာနိုင်ငံ ဆေးကောင်စီ ဥပဒေကြမ်း

၃။ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

၄။ မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဥပဒေကြမ်း

၅။ ၁၉၉၃ ခုနှစ်၊ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေ (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် - ၅/၉၃) ကို ရုပ်သိမ်းသည့် ဥပဒေကြမ်း

၆။ မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်း

၇။ ဘွိုင်လာ ဥပဒေကြမ်း

၈။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း

၉။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း

၁၀။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း

၁၁။ အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

၁၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြု၍ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ပြင်ဆင်သည့်ဥပဒေကြမ်း

၁၃။ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

၁၄။ ပြည်ထောင်စုရှေ့နေချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

၁၅။ ပြည်ထောင်စု စာရင်းစစ်ချုပ် ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း

၁၆။ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

၁၇။ နေပြည်တော်ကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

၁၈။ ပြည်ထောင်စု တရားစီရင်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း

၁၉။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း

၂၀။ အနုညာတ စီရင်ဆုံးဖြတ်ခြင်း ဥပဒေကြမ်း

၂၁။ နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

၂၂။ တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်း

၂၃။ မော်တော်ယာဉ် ဥပဒေကြမ်း

၂၄။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းများ ဖြစ်ပြီးတော့ ယင်းတို့နဲ့ ပတ်သက်၍ အသေးစိတ် လွှတ်တော်ကိုယ်စားလှယ်များထံ စာဖြင့် ဖြန့်ဝေပေးမှာ ဖြစ်ပါတယ်။

နည်းဥပဒေများနှင့် စပ်လျဉ်း၍-

တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေများကို ပြည်သူ့လွှတ်တော်က ၂၄-၂-၂၀၁၅ ရက်နေ့မှာ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ ၃၁-၃-၂၀၁၅ ရက်နေ့တွင် အမျိုးသားလွှတ်တော်၌ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ပါတယ်။

အစီရင်ခံစာတင်သွင်းခြင်းကဏ္ဍမှာ

၁။ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့်ကူညီစောင့်ရှောက်ရေးကော်မတီ၏ အစီရင်ခံစာ

၂။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ ရဲ့အစီရင်ခံစာ

၃။ အမျိုးသားလွှတ်တော်၊ အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာ ကော်မတီ၏ အစီရင်ခံစာ

၄။ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ၊ ပဋိပက္ခဖြေလျော့ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ကော်မတီ၏ အစီရင်ခံစာ

၅။ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော လုပ်ငန်းများအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ

၆။ အမျိုးသားလွှတ်တော် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက် မှုအခြေအနေ အစီရင်ခံစာ

၇။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံ ချက်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှု စီမံကိန်းများ ရေးရာကော်မတီဥက္ကဋ္ဌတို့ ဦးဆောင်ပြီး အဖွဲ့ဝင်(၆)ဦး ပါဝင်တဲ့ အဖွဲ့မှ ၅-၆-၂၀၁၅ မှ ၈-၆-၂၀၁၅ရက်နေ့အထိ မန္တလေး တိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးများ အတွင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်ပြီး/ ဆောင်ရွက်ဆဲ စီမံကိန်း ဒေသများသို့ သွားရောက်ခဲ့သည့် လေ့လာရေး ခရီးစဉ်ဆိုင်ရာ တင်ပြချက် အစီရင်ခံစာ

၈။ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ၏ အစီရင်ခံစာ တို့ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -

ပထမအကြိမ်အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကာလအတွင်း -

- အမျိုးသားလွှတ်တော် လပ်ဗီးယား - မြန်မာ လွှတ်တော်ချင်း ချစ်ကြည် ရင်းနှီးရေးအသင်း ဖွဲ့စည်းခြင်းနှင့် အသင်းတွင် ပါဝင်တဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်း
- အမျိုးသားလွှတ်တော် ပိုလန် - မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်း ဖွဲ့စည်းခြင်းနှင့် အသင်းတွင် ပါဝင်သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး နှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်း
- အမျိုးသားလွှတ်တော် ဘယ်လာရုစ် - မြန်မာ လွှတ်တော်ချင်း ချစ်ကြည် ရင်းနှီးရေးအသင်း ဖွဲ့စည်းခြင်းနှင့် အသင်းတွင် ပါဝင်တဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်း
- ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော်နှင့် ဘယ်လာရုစ်နိုင်ငံ အမျိုးသားလွှတ်တော်တို့အကြား ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် လွှတ်တော်က အတည်ပြုကြောင်း ကြေညာခြင်းတို့ ဆောင်ရွက်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကော်မတီများနှင့် ကော်မရှင်က ပြုလုပ်တဲ့ အစည်းအဝေးများမှာ -

- ဥပဒေကြမ်းကော်မတီ ( ၈၀ )ကြိမ်၊
- ပြည်သူ့ငွေစာရင်းကော်မတီ ( ၂ )ကြိမ်၊
- အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ ( ၃ )ကြိမ်၊
- အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာ ကော်မတီ ( ၂ )ကြိမ်၊
- တိုင်းရင်းသားရေးရာ၊ ပဋိပက္ခ ဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ကော်မတီ ( ၆ )ကြိမ်၊
- တောင်သူလယ်သမားနှင့် အလုပ်သမား အကျိုးစီးပွားမြှင့်တင်ရေး ကော်မတီ ( ၂ )ကြိမ်၊
- နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာကော်မတီ ( ၆ )ကြိမ်၊
- ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ ကော်မတီ ( ၈ )ကြိမ်၊
- ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ကော်မတီ (၃)ကြိမ်၊

- သတ္တု၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ(၉)ကြိမ်၊
- ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ ( ၆ )ကြိမ်၊
- ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေး ကော်မတီ( ၁ )ကြိမ်
- နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ ( ၅ )ကြိမ်၊
- အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ ( ၂ )ကြိမ်၊
- မဟာဗျူဟာလေ့လာရေးနှင့်သုတေသနကော်မတီ ( ၃ )ကြိမ်၊
- နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်( ၇ )ကြိမ်၊

စုစုပေါင်းကော်မတီအစည်းအဝေး(၁၃၈)ကြိမ်နှင့် ကော်မရှင်အစည်းအဝေး(၇)ကြိမ်ပြုလုပ်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား -

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြင့်မားစေရန် ရည်ရွယ်၍ ၁၅-၆-၂၀၁၅ ရက်နေ့တွင် "အပြောင်းအလဲ ဒီမိုကရက်တိုင်ဇေးရှင်း" Change; Democratization ခေါင်းစဉ်ဖြင့် အပြန်အလှန်ဆွေးနွေးပွဲ ကို ပြုလုပ်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအတွက် သတင်းအချက်အလက်နှင့် လုပ်ငန်းအကူအဖွဲ့ကနေပြီးတော့ (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေးကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များ သိရှိလိုတဲ့ သတင်းအချက်အလက်(၆၈)စောင်ကို ပြုစုပေးခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -

အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး မတိုင်ခင် အထိ စုဆောင်းရရှိထားသော စာအုပ်စုစုပေါင်းမှာ (၁၀၅၃၀)အုပ် ဖြစ်ပြီး ယခု (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတင်သည့်ကာလအတွင်း ထပ်မံစုဆောင်း ရရှိသည့်စာအုပ်များမှာ (၁၆၉၃)အုပ် ဖြစ်၍ စုစုပေါင်း စာအုပ် (၁၂၂၂၃)အုပ်ကို အမျိုးသားလွှတ်တော် စာကြည့်တိုက်တွင် စုဆောင်းရရှိထားပြီးဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များကို အသိပေးလိုပါတယ်။

ဒီနေ့ အတည်ပြုခဲ့တဲ့အရေးကြီးအဆိုအရ အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် အစည်းအဝေးကို ရပ်နားမှာဖြစ်ပါတယ်။ သို့သော်လည်း ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ရှိနေမှာဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကို တက်ရောက်ဖို့လည်း တိုက်တွန်းပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အားလုံး မိမိတို့ နေရပ်သို့ အဆင်ပြေ ချောမွေ့စွာ ပြန်လည်ရောက်ရှိကြပြီး လွတ်လပ်၍ တရားမျှတတဲ့ ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေး

အတွက် တက်ညီလက်ညီ ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၇၅)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်း ကြေညာခြင်း

**အချိန်၊ ၁၁း၅၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၇၅)ရက်မြောက်နေ့ကို ရပ်နားကြောင်း ကြေညာပါတယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၅)ရက်မြောက် နေ့ကို ၁၁း၅၇ နာရီအချိန်တွင် ရပ်နားပါသည်။